# မြဝတီ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇွန် ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday 18 January 2019 ၉၅၃၅


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## ယနေ့သတင်းအညွှန်း


မန်းရေနံမြေထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦးစီမံချက် စတင်ဆောင်ရွက်



စာမျက်နှာ - ၄

အဂတိလိုက်စားမှုအတွက် ကုန်ကျစရိတ်ကို လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးက လာဘ်ငွေ အနည်းငယ်မျှရယူပြီး တရားမဝင်သော ကိစ္စတစ်ခုတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မည်မျှထိခိုက်နစ်နာ ဆုံးရှုံးသွားစေခဲ့သလဲ ဆိုသော အချက်နှင့်သာ တိုင်းတာသင့်



စာမျက်နှာ - ၇

သာယာလှပသော မြို့ထန်တလန်၏ အဖိုးတန် သီကိရ်ရေလှောင်တမံ



စာမျက်နှာ - ၁၅


# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီနှင့် အမျိုးသားလွှတ်တော် ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပုဏ္ဏားကျွန်းမြို့မှ မောင်တောမြို့အထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီ

**နေပြည်တော် ဇန်နဝါရီ ၁၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောဒေသများရှိ ပြည်သူများ လူမှုဘဝတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရေး ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ပုဏ္ဏားကျွန်း-မောင်တော ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးသည့်အတွက် ပုဏ္ဏားကျွန်းမြို့မှ မောင်တောမြို့အထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်(၁/၂၀၁၉) အရ သိရသည်။

၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂၀ မိုင်၊ ပုဏ္ဏားကျွန်း

> "၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် မောင်တောမြို့ပေါ်သို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ"

ဓာတ်အားခွဲရုံတိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီး၍ ၂၀၁၈ ခုနှစ် မတ် ၁၅ ရက်မှစတင်၍ ရသေ့တောင် ဓာတ်အားခွဲရုံမှ ရသေ့တောင်မြို့ပေါ်ရှိ **စာမျက်နှာ ၄ ကော်လံ ၅ သို့ ✻**




မြန်မာ့အသံ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( မြစ်ကြီးနားမြို့ )
၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ဝင်ရောက်လေ့လာနိုင်ပါသည်။
မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၇

| | | |
|---|---|---|
| ဟားခါး | -၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၁ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၁ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၃ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၃ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၄ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၄ | ဒီဂရီစင်တီဂရိတ် |

ကြေးမုံ

# တက်ညီလက်ညီကြိုးပမ်းမှ ပန်းတိုင်ရောက်မည်

"မိမိတို့သည် ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ကူးပြောင်းနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ထိုသို့ကူးပြောင်းရာတွင် ရှေးရိုးစွဲလမ်းဟောင်းများမှ လမ်းသစ်များ ဖောက်ထွက်ရခြင်းများရှိပါကြောင်း၊ ယခုအချိန်ကာလတွင် တာဝန်ရှိသူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှသာ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း" ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသား၊ ပြည်နယ်)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲ၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပြီး ဒေသတာဝန်ရှိသူများအား ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် မကြာခဏတိုက်တွန်းနှိုးဆော်လျက်ရှိရာတွင် မူလလုပ်ရိုးလုပ်စဉ် ရှေးရိုးစွဲလမ်းဟောင်းများ၊ အယူအဆ၊ အတွေးအခေါ်ဟောင်းများကိုဖယ်ရှား၍ ပြည်သူကိုအကျိုးပြုသည့် လုပ်နည်းကိုင်နည်းသစ်များဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ရေးကို ဦးတည်မှာကြားခဲ့သည်။

လောကနိယာမတရားအရ ပြောင်းလဲခြင်းသည် အစဉ်အမြဲဖြစ်ပေါ်နေမည်သာဖြစ်သည်။ မပြောင်းလဲခြင်းသည် လောကနိယာမတရားကို ဆန့်ကျင်ခြင်းဖြစ်ပြီး အများအတွက် အကျိုးမရှိသောလုပ်ရပ်သာ ဖြစ်သည်။ လောကကြီး၏ ပြောင်းလဲမှုဖြစ်စဉ်တွင် လိုက်လျောညီထွေဖြစ်အောင် လိုက်ပါပြောင်းလဲရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအကျိုးရှိသည့် ပြုပြင်ပြောင်းလဲမှုမှာ လောကပါလတရားများကို အခြေခံသည့် ဒီမိုကရေစီစနစ်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ် အခြေခိုင်မာအောင် တည်ဆောက်နေရသည်။

နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ဆောင်ရွက်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးသည် ဒီမိုကရေစီစနစ်၏ အဓိကကျသည့် မဏ္ဍိုင်များဖြစ်သည်။ အစဉ်အမြဲဖြစ်ပျက်ပြောင်းလဲနေသော လောက၏ အခြေအနေအရ ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် ဥပဒေပြုရေးအပိုင်း၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးသည် ယနေ့အချိန်အခါတွင် လိုအပ်နေသည်။ ပြည်သူတစ်ရပ်လုံးမျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ဆီလျော်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးကဏ္ဍသည် နိုင်ငံတော်နှင့် ပြည်သူကို ရှေ့ဆောင်လမ်းပြဆောင်ရွက်ရသဖြင့် အထူးအရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတက အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို အထူးဦးစားပေး လမ်းညွှန်မှာကြားနေသည်။ အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမှာ မူဝါဒနှင့် ဦးဆောင်သူများ ပြုပြင်ပြောင်းလဲခြင်းဖြင့် မပြီးမြောက်နိုင်ချေ။ အောက်ခြေတာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံး လိုက်ပါပြောင်းလဲမှသာလျှင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အောင်မြင်မည်ဖြစ်သည်။

အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲနှင့်ပတ်သက်၍ ပုံစံကျနေသည့် အလေ့အထများကို ပြုပြင်ပြောင်းလဲပေးနိုင်မှသာ တိုင်းပြည်နှင့် နိုင်ငံသားများလည်း လိုက်ပါပြောင်းလဲလာမည်။ တာဝန်ရှိသူများ အပြောင်းအလဲတစ်ခု ဖော်ဆောင်ရန်အတွက် မိမိကိုယ်ကို မည်မျှပြောင်းလဲနိုင်ပြီကို ဆန်းစစ်ကြရန်လိုသည်။ မိမိကိုယ်ကို ပြောင်းလဲနိုင်မှသာ အခြားသူများကို ပြောင်းလဲပေးနိုင်မည်ဟု နိုင်ငံတော်သမ္မတက မှာကြားထားသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံး မိမိတို့၏စိတ်ဓာတ်နှင့် အပြုအမူများ လိုက်ပါပြောင်းလဲခြင်းရှိ၊ မရှိကို ဆန်းစစ်သုံးသပ်ကြည့်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရည်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ အလျင်အမြန်ရောက်ရှိရေးအတွက် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကိုယ်စီကိုယ်စီ အသိတရားဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပုံမှန်သတင်းထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပုံမှန်သတင်းထုတ်ပြန်ခြင်း(၁/၂၀၁၉) အခမ်းအနားကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) နေပြည်တော်၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

**ဗို့အားပြည့်ဝသုံးနိုင်ရေး**

အခမ်းအနားတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များအတွင်း ဖြတ်သန်း၍ ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ် ဓာတ်အားလိုင်း ၄၀ ဒသမ ၄၈ မိုင် ၆၆/၃၃/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ သံဖြူဇရပ် ဓာတ်အားခွဲရုံနှင့် မော်လမြိုင် ဓာတ်အားခွဲရုံ Switch Bay Extension လုပ်ငန်းဆောင်ရွက်ခဲ့မှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု၊ ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများရှိ ပြည်သူများ လူမှုဘဝတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကိုနိုင်ငံတော်ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရန် ၆၆ ကေဗွီ ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၉ ဒသမ ၁ မိုင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ဧရာဝတီတိုင်းဒေသကြီး ငရုပ်ကောင်းတောင်မြို့နယ်နှင့် ငရုပ်ကောင်းမြို့နယ်များရှိ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၅ ဒသမ ၅၄ မိုင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ငွေဆောင်မြို့နယ်များရှိ ဒေသနေပြည်သူများ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်ရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးတို့အတွက် ၆၆ ကေဗွီ ပုသိမ်-ငွေဆောင် ဓာတ်အားလိုင်း ၁၄ ဒသမ ၉၂ မိုင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှု၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအသစ်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မြိုင်ပေနက်ရှာဖွေရေး အစမ်းတွင်းအမှတ်(၁) တူးဖော်မည့်အခြေအနေ၊ ပုဂ္ဂလိကစက်သုံးဆီ သိုလှောင်ကန်စခန်းများနှင့် အရောင်းဆိုင်များမှ သိုလှောင်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီများ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ် မှန်ကန်ပြည့်ဝမှု ရှိ၊ မရှိ ရှောင်တခင်စစ်ဆေးအရေးယူ ဆောင်ရွက်မှုများ ယခုထက်ပို၍ တိုးမြှင့်ပြုလုပ်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် ဗို့အားပြည့်မီစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝန်ကြီးဌာန မူဝါဒအရ ဓာတ်အားလိုင်းများ ကြိုတင်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရန်ကုန်(ရွှေဈေး) ၁၀၅၄၅၀၀ - ၁၀၅၄၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၄၅၀၀ - ၁၀၅၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၁၀ ကျပ် | ၇၄၅/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၅/၈၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၇၀/၆၈၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၅၂၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၇၃၆. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၂၅. ၅၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၄၈. ၁၀၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၇၁. ၁၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၂၁. ၄၇၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၃၉၉. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၃၆. ၀၅ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၀၉၃. ၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၁၁၂၄. ၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# အရည်အသွေးရှိသောပညာရေး ဦးတည်အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**
အရည်အသွေးရှိသောပညာရေး ဦးတည်အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ (အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ)ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ဆောင်ရွက်လျက်ရှိ**

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးရှိသောပညာရေးပြုပြင်ပြောင်းလဲမှုသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်အရေးကြီးပြီး အမျိုးသားပညာရေးဥပဒေအရအခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် သက်မွေးပညာကဏ္ဍများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပါကြောင်း၊ KG+12 ပညာရေးစနစ် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် သူငယ်တန်း(KG) သင်ရိုးသစ်ဆရာလက်စွဲစာအုပ်များ စတင်အသုံးပြုခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ပထမတန်း (Grade-1)သင်ရိုးညွှန်းတမ်းသစ်နှင့် ၂၀၁၈ ခုနှစ်တွင် ဒုတိယတန်း(Grade-2) သင်ရိုးညွှန်းတမ်းသစ် (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေး၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ ပန်းချီ၊ ဂီတ) ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလက်စွဲစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း၍ ကလေးဗဟိုပြုသင်ကြားသင်ယူခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းတို့အတွက် မူလတန်းပြ ဆရာ ဆရာမများကို သင်တန်းများပေးကာ စတင်ဆောင်ရွက်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မူလတန်း Grade-3 နှင့် အလယ်တန်း Grade-6 သင်ရိုးညွှန်းတမ်းသစ်များအတွက်လည်း ကျောင်းသုံးဖတ်စာအုပ်များ၊ ဆရာလက်စွဲစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း၍ ကလေးဗဟိုပြုသင်ကြားသင်ယူခြင်းတို့အတွက် မူလတန်းပြ ဆရာ ဆရာမများနှင့် အလယ်တန်းပြ ဆရာ ဆရာမများကို သင်တန်းများပေးရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ကျောင်းများတွင်လည်း ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများ သင်ယူတတ်မြောက်မှုအရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။



**ဆွေးနွေးတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်တို့က ပညာရေးကဏ္ဍဆိုင်ရာတိုးတက်အောင်မြင်မှုများ၊ လက်ရှိတွေ့ကြုံနေရသော အခက်အခဲများကို ကျော်လွှားဖြေရှင်းရန် လိုအပ်သည်များ၊ ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများကို ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ရန်များ၊ KG+12 စနစ်သို့ ပြုပြင်ပြောင်းလဲနေမှုများ၊ သင်ကြားရေးဘာသာစကားဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့် တက္ကသိုလ်များ ကိုယ်ပိုင်စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ ပါမောက္ခချုပ်များ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်ဝေစိုးနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပထမဆုံးအရေးပေါ်အသက်ကယ်သင်တန်းဌာန ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**
မြန်မာနိုင်ငံ၏ ပထမဆုံးအရေးပေါ်အသက်ကယ်သင်တန်းဌာနဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိမြို့နယ်ဆေးရုံ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာခင်ဇော်နှင့် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးတို့က အရေးပေါ်အသက်ကယ်သင်တန်းဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က သင်တန်းဌာနဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

**အလေးထားဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အရေးပေါ်ကျန်းမာရေးပြဿနာများ ခံစားရသည့် ပြည်သူများ၏ အသက်များစွာကို ကနဦး ကယ်တင်ကုသမှုပေးနိုင်မည့် ရှေးဦးအသက်ကယ်ပြုစုခြင်း အတတ်ပညာရှင်များကို သင်ကြားမွေးထုတ်ပေးမည့် သင်တန်းဌာနကို မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ဖွင့်လှစ်နိုင်ရန် အလေးထားဆောင်ရွက်ပေးခဲ့သူများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ သင်ကြားပို့ချမှုလုပ်ငန်းများတွင် ပူးပေါင်းပံ့ပိုးပေးသည့် အမေရိကန်နိုင်ငံအခြေစိုက် Suu Foundation နှင့် ဟောင်ကောင်အခြေစိုက် Prudence Foundation တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှု အပါအဝင် မတော်တဆဖြစ်ပွားမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် များပြားပြီး ကနဦး အသက်ကယ်တင်ကုသမှုနှင့် လူနာအား ဆေးရုံသို့ စနစ်တကျ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုတို့သည် အရေးကြီးပါကြောင်း။



၂၀၁၆ ခုနှစ် စာရင်းဇယားများအရ လူနာများ၏ ၂၄ ရာခိုင်နှုန်းသည် လူနာတင်ယာဉ်များဖြင့် ဆေးရုံသို့ လာရောက်ကြသည်ကို တွေ့ရှိရပြီး ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်အတွင်း အရေးပေါ်လူနာတင်ယာဉ် ၅၅ စီး ထပ်မံဝယ်ယူထားရှိပါကြောင်း၊ သင်တန်းဆရာများသာမက သင်တန်းသားများထံကပါ အကြံပြုချက်များ တောင်းခံပြီး သင်တန်းဌာနတွင် သင်ကြားပို့ချသည့် သင်တန်းများကို ပိုမိုထိရောက်ကောင်းမွန်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားပုံနည်းစနစ်များ ပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သင်တန်းဌာနမျိုးကို ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမြန်ဆုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန်အတွက် ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရှေးဦးအသက်ကယ်ပြုစုခြင်းနှင့် အရေးပေါ်အသက်ကယ်ကုသခြင်းလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်မှုသည် အထူးအရေးကြီးသဖြင့် လူမှုအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များမှ အရေးပေါ်လူနာတင်ယာဉ်များပါ ပါဝင်သည့် အမျိုးသားအဆင့် အရေးပေါ်လူနာတင်ယာဉ်ကွန်ရက်ကြီး (National Ambulance Network) ဖြစ်ပေါ်လာရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်များတွင် ရှေးဦးအသက်ကယ်ပြုစုခြင်းနှင့် အရေးပေါ်အသက်ကယ်ကုသခြင်းဆိုင်ရာ သင်ခန်းစာများကိုလည်း ယခုထက် ပိုမိုထည့်သွင်းသင်ကြားရန် ဖြစ်ပါကြောင်း၊ သင်တန်းများမှ အောင်မြင်သူများကို အသိအမှတ်ပြုလက်မှတ်(certificate)များ ပေးအပ်ပြီး သင့်တော်သော ကာလတစ်ခုတွင် မွမ်းမံသင်တန်းများ ထပ်မံပေးအပ်နိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ သင်တန်းဌာနပေါ်ပေါက်လာပုံနှင့် သင်တန်းဌာနတွင် သင်ကြားပို့ချမည့် သင်တန်းများနှင့် စပ်လျဉ်း၍ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဌာနကို လှည့်လည်ကြည့်ရှုပြီး**(အပေါ်ဝဲပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ရေနံအစမ်းတွင်းများ တူးဖော်ခြင်းမရှိသေးသည့် မြိုင်မြို့နယ်အတွင်း ပေနက်ရှာဖွေရေးအစမ်းတွင်း တူးဖော်စမ်းသပ်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိနိုင်ရေးအတွက် ရေနံအစမ်းတွင်းများ တူးဖော်ထားခြင်းမရှိသေးသော ဒေသတစ်ခုဖြစ်သည့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မြိုင်ပေနက် ရေနံအစမ်းတွင်း အမှတ်(၁)အား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် စတင်တူးဖော်မည်ဖြစ်ပြီး အောင်မြင်စွာ တူးဖော်စမ်းသပ်ပြီးပါက တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သုံးသန်းခန့် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်(၁/၂၀၁၉)အရ သိရသည်။

အဆိုပါအစမ်းတွင်းကို အနက်ပေ ၁၅၀၀၀ တူးဖော်နိုင်သည့် တွင်းတူးစက် ZJ 70L SR-1 ဖြင့် ခန့်မှန်းတူးဖော်ရက်ပေါင်း ၁၄၀ ကြာ တူးဖော်မည်ဖြစ်ပြီး Supra Thrust Lower Pondaung၊ Tabyin ကျောက်စဉ်စုနှင့် Sub-Thrust Tabyin ကျောက်စဉ်စု၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာကို တူးဖော်စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် မြိုင်ဒေသအတွင်း ပေနက်အစမ်းတွင်း တူးဖော်နိုင်ရေးတွင် Risk များ လျှော့ချနိုင်ရေးအတွက် ဘူမိရူပဗေဒ Seismic တိုင်းတာခြင်းလုပ်ငန်းနှင့် မြေပေါ်ဘူမိဗေဒကွင်းဆင်းခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီး Seismic မှ Prospect Map များ ထုတ်လုပ်နိုင်ခြင်း၊ မြေပေါ်ဘူမိဗေဒအဖွဲ့မှ ပြတ်ရွေ့တည်ရှိမှုအား အတည်ပြုပေးနိုင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

မြိုင်ပေနက်ရေနံအစမ်းတွင်း အမှတ်(၁)သည် ချင်းတွင်းအနည်ကျချိုင့်ဝှမ်း၏ မြိုင်လွှာတွန့်ခုံး (Myaing Anticline)၏ တောင်ဘက်ပိုင်းတွင် တည်ရှိပြီး မြိုင်ဘူမိအနေအထားသည် ပြတ်ရွေ့ပါဝင်သော လွှာတွန့်ခုံးတစ်ခုဖြစ်၍ လွှာတွန့်ခုံး၏အလယ်တွင် ပုံတောင်ကျောက်စဉ်စု ပေါ်ထွက်နေပြီး သဘာဝဓာတ်ငွေ့တည်ရှိနိုင်သော တဗျင်း (Tabyin) ကျောက်စဉ်စုသည် အနက်ပေ ၃၀၀၀-၆၅၀၀ ခန့်တွင် တွေ့ရှိစမ်းသပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြိုင်ပေနက်ရေနံစမ်းသပ်တွင်းမှ ပေ ၂၀၀၀ စီခန့် ခြား၍ Appraisal Well နှင့် Development Well များကို တွင်း ၁၁ တွင်းခန့် ဆက်လက်တူးဖော်ရမည်ဖြစ်ပြီး ရရှိထားသော ဘူမိရူပဗေဒကွန်တိုများအရ ရေနံ/ဓာတ်ငွေ့ ထွက်ရှိပါက Recoverable Reserves 82 BCF ထုတ်ယူနိုင်မည်ဟု ခန့်မှန်းတွက်ချက်ရရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

**မျိုးသူဟိန်း**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် သတိပဋ္ဌာန်ရှုထောင့်မှ ဥပဒေနှင့်စိတ်ခံစားမှုကိုသုံးသပ်ခြင်းတရား ပို့ချဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကမ္ဘာ့ဗုဒ္ဓသာသနာပြုအောက်စဖို့ဒ်ဆရာတော် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်၏ ပါမောက္ခချုပ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရပါမောက္ခ ဒေါက်တာ ဓမ္မသာမိ (Doctor of Philosophy-Oxford)က “သတိပဋ္ဌာန်ရှုထောင့်မှ ဥပဒေနှင့် စိတ်ခံစားမှုကို သုံးသပ်ခြင်း” (Mindfulness, Law and Emotion) တရားပို့ချ ဆွေးနွေးပွဲကို ပြည်ထောင်စု ရှေ့နေချုပ်ရုံး၌ ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။**(ယာပုံ)**

တရားပို့ချဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယ ရှေ့နေချုပ် ဦးဝင်းမြင့်၊ ဌာနအကြီးအကဲများနှင့် ဝန်ထမ်းများ၊ တရားချစ်ခင် မြတ်နိုးသူများတက်ရောက်၍ ရိုသေစွာလေ့လာနာယူကြည်ညိုကြပြီး သိရှိလို သည်များကို မေးမြန်းလျှောက်ထားကြရာ အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဓမ္မသာမိက ပြန်လည်ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် ဆရာတော်ထံ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး၊ တရားနာကြွရောက်လာကြသူများက အလှူငွေများ၊ လှူဖွယ်ဝတ္ထုပစ္စည်း များနှင့် သင်္ကန်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ယင်းနောက် ဆရာ တော်ထံမှ သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **သတင်းစဉ်**






# ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ် သမားများအတွက် ပြန်လည်ထူထောင် ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဝိုင်းဝန်းအကြံပေးဆွေးနွေး**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က ကချင်ပြည်နယ် ဖားကန့်ဒေသအတွင်း ရွှေ့ပြောင်း အလုပ်သမားများ(ရေမဆေးကျောက် သမားများအပါအဝင်)၏ လူမှုစီးပွား ဘဝ ပြန်လည်ထူထောင်နိုင်ရေး အတွက် ထိထိရောက်ရောက် ကိုင် တွယ် ဖြေရှင်းနိုင်ရန် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ အမိန့်ကြော်ငြာစာ အမှတ် (၉၉/၂၀၁၈)နှင့် (၁၀၀/ ၂၀၁၈)တို့ဖြင့် ဖားကန့်ဒေသရှိ ရွှေ့ ပြောင်း အလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲများကို ဖွဲ့စည်းပေးပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခဲ့ပါကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲ အနေ ဖြင့် လုပ်ငန်း ၁၁ ရပ်ကို ဆောင်ရွက် နိုင်ရန်အတွက် ပြည်ထောင်စု၊ ပြည်နယ် အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေး ကြီးပါကြောင်း၊ ထို့ကြောင့် ဖားကန့် ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများ အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် ဝိုင်းဝန်းပူးပေါင်းအကြံပေး ဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ခွဲအတွင်း ရေးမှူး ပြန်လည်ထူထောင်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင် ထွန်းက ဖားကန့်ဒေသရှိ ရွှေ့ပြောင်း အလုပ်သမားများအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းဆောင်ရွက်မှု များကို ရှင်းလင်းပြောကြားပြီး ကချင် ပြည်နယ် လူမှုရေးဝန်ကြီးနှင့် ပြန် လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲ၏ အဖွဲ့ဝင်များက ပြန်လည်ထူထောင် ရေးလုပ်ငန်းများနှင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက် မည့် လုပ်ငန်းများကို ဆွေးနွေးအတည် ပြုကြသည်။ **မောင်မင်းနိုင်(သတင်းစဉ်)**

**✻ ရွှေဖုံးမှ**

အိမ်ထောင်စုပေါင်း ၁၅၃၀ စုကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ၃၃ မိုင်နှင့် ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံတည် ဆောက်ခြင်း လုပ်ငန်းများပြီးစီး၍ ဘူးသီးတောင်မြို့ပေါ်ရှိ အိမ်ထောင်စုပေါင်း ၃၃၇၄ စုကို လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်သည်။

အလားတူ ၆၆ ကေဗွီ ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း ၉ ဒသမ ၁ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံတည် ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် မောင်တောမြို့ပေါ်သို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မောင်တောမြို့နယ် အတွင်းရှိ ကျေးရွာများကိုလည်း လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ပုဏ္ဏားကျွန်းမြို့မှ မောင်တောမြို့အထိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်- မောင်တောဓာတ်အား လိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ရေးစီမံကိန်းကို စီမံကိန်းလက်ကျန်ပစ္စည်းများဖြင့် ဆောင်ရွက်ခဲ့ပြီး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၀ ဘီလီယံ ခန့်ရှိကြောင်း အဆိုပါ သတင်း ထုတ်ပြန်ရေးအဖွဲ့မှ သိရသည်။ **မျိုးသူဟိန်း**

**❒ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ**

နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ သိုင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အမျိုးသား ၁၃ သင်း၊ အမျိုးသမီး ၁၂ သင်း စုစုပေါင်း အားကစားသမား ၂၆၉ ဦးတို့သည် ဇန်နဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ နေ့စဉ် နံနက်၉ နာရီတွင် စတင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပါသဖြင့် သိုင်းအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# မန်းရေနံမြေနှင့်ထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ် ကနဦးစီမံချက် စတင်ဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၁၇**

မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E&P Pte Ltd.သည် လုပ်ငန်းခွင်နှင့် ထိစပ်နေ သော ကျေးရွာများမှ ဒေသခံများဦးဆောင်သည့် ကိုယ့် အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီခဲ့ရာ ကနဦးစီမံချက်ကို ဇန်နဝါရီလ ပထမပတ် တွင် အဆိုပါ ရေနံမြေနှင့် ထိစပ်ကျေးရွာ ရှစ်ရွာတွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

MPRL E&P Pte Ltd.သည် CSR လုပ်ငန်းဆိုင်ရာ ကဏ္ဍတစ်ရပ်အနေဖြင့် မန်းရေနံမြေဒေသပတ်ဝန်းကျင် သာယာလှပရေးနှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးကို စနစ် တကျ ထိန်းသိမ်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒေသခံ များဦးဆောင်သည့် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ် ကနဦးစီမံချက် စတင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီခဲ့ခြင်း ဖြစ်ပြီး မန်းရေနံမြေထိစပ်ကျေးရွာများမှ ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ ဌာနဆိုင်တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ များ၏ ပူးပေါင်းပါဝင်မှုဖြင့် MPRL E&P CSR ဝန်ထမ်း များနှင့် ကျေးရွာစေတနာ့ဝန်ထမ်းများက ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦးစီမံ ချက်ကာလတွင် သုံးဘီးအမှိုက်သယ်ယာဉ်ဖြင့် ကျေးရွာ ရှစ်ရွာအား နေ့ရက်သတ်မှတ်၍ လှည့်လည်အမှိုက်သိမ်း ယူသွားမည်ဖြစ်ပြီး ယင်းအမှိုက်များကို မင်းဘူးမြို့နယ် အတွင်းရှိ အမှိုက်စွန့်ပစ်ရန် သတ်မှတ်ထားသည့် ဖို့မြေဧရိယာများတွင် စနစ်တကျစွန့်ပစ်နိုင်ရန် သက်ဆိုင်ရာကျေးရွာအလိုက် ကျေးရွာအုပ်ချုပ်ရေးမှူး များနှင့် ဒေသခံများက ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ် ကနဦး




စီမံချက်ကာလ ၂၀၁၉ ခုနှစ် ဇန်နဝါရီလဒုတိယပတ် အတွင်း စုပေါင်းအမှိုက်ရှင်းလင်းရာတွင် အမှိုက် ကောက်သူရဲကောင်းများအဖွဲ့ (Trash Hero Minbu)၊ MPRL E&P မန်းရေနံမြေဝန်ထမ်းများ၊ CSR ဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံများပါဝင်သည့် ပူးပေါင်းအင်အား ၃၇၁ ဦး ပါဝင်ဆောင်ရွက်ခဲ့သည်။ မန်းရေနံမြေထိစပ်ဧရိယာများရှိ ကျေးရွာ ရှစ်ရွာတွင် မူလ စွန့်ပစ်ထားသောလမ်းဘေးအမှိုက်များနှင့် အမှိုက်ပုံများကို ဖယ်ရှားရှင်းလင်းရာတွင် အမှိုက် ၂၆၂ တန်ခန့်အား မင်းဘူးမြို့စည်ပင်သာယာမှ အမှိုက်စွန့်ပစ်ရန် သတ်မှတ် ထားသောနေရာသို့ လည်းကောင်း၊ ကျန်အမှိုက် ၂၀၃ တန်ခန့်အား နန်းဦးကျေးရွာနှင့် အောက်ကျောင်းရွာများ အနီး ဖို့မြေကွက်များသို့ လည်းကောင်း ရှင်းလင်း ပို့ဆောင်ခဲ့သည်။

အဆိုပါ ကနဦးစီမံချက် အောင်မြင်မှုအပေါ် မူတည်၍ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်ကို မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ၁၂ ရွာတွင် ရေရှည်ဆောင်ရွက်သွားနိုင်ရန် စီစဉ်ထားပြီး ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အမှိုက်စနစ်တကျ စွန့်ပစ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပူးပေါင်း ကူညီဆောင်ရွက်ရန် အသိပညာပေးအစီအစဉ် များကိုလည်း MPRL E&P CSR ဝန်ထမ်းများက စီစဉ် ပို့ချသွားမည်ဖြစ်သည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော် ၅၆၄ ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က စီစဉ်ကျင်းပသော ၅၆၄ ကြိမ်မြောက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။



**လက်ခံရယူ**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရ ဘိဝံသထံမှ အခမ်းအနား တက်ရောက်လာသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရွှေသက်န်းတော်(ရွှေပြား) အလှူရှင် ၁၅၅ ဦးထံမှ ရွှေပြားပေါင်း ၁၅၈ ချပ် အလှူခံရရှိခဲ့ကာ ငွေသားအလှူရှင်ငါးဦး အပါအဝင် အလှူရှင် ၁၆၀ တို့က လှူဒါန်းခဲ့ကြပြီး လှူဒါန်းငွေ စုစုပေါင်း ကျပ် ၁၅၄၁ ၃၁၄ ၃၇၇ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးသန်းအောင်ကျော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ<br>ညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်<br>နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာဆွေဆွေအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

# MJA မှ သတ္တမအကြိမ်မြောက် အမျိုးသားသတင်းဆု ချီးမြှင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)မှ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော အမျိုးသားသတင်းဆုပေးပွဲကို မေ ၃ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲဝင်လက်ရာများပေးပို့ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ရွေးချယ်ချီးမြှင့်**

သတ္တမအကြိမ်မြောက် အမျိုးသားသတင်းဆုချီးမြှင့်ရာတွင် အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံးသတင်း ဆောင်းပါးဆု၊ အကောင်းဆုံးသတင်း ဓာတ်ပုံဆု၊ အကောင်းဆုံးသတင်း ကာတွန်းဆု၊ အကောင်းဆုံး ရုပ်သံဆု၊ အကောင်းဆုံး အယ်ဒီတာအာဘော်ဆု စသည်ဖြင့် ဆုအမျိုးအစားခြောက်ဆု ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဆုရွေးချယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဆုအမျိုးအစားအလိုက် ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားသော ဆုရွေးချယ်ရေးကော်မတီများက အသီးသီးတာဝန်ယူ ရွေးချယ်ပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ပြိုင်ပွဲသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတင်းစာ၊ ဂျာနယ်၊ ရုပ်သံများတွင် ဖော်ပြပါရှိသော စာမူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မိမိတို့မီဒီယာအသီးသီးတွင် ဖော်ပြခဲ့သည့် စာမူများအနက် ကြိုက်နှစ်သက်ရာ စာမူသုံးစုံရွေးချယ်၍ စာမူအပေါ် ဝန်ခံချက်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံပူးတွဲလျက် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း အမှတ်(၁၇၃/၁၇၅) အခန်း(၆၀၃) (၆)လွှာ ပန်းဆိုးတန်း (အလယ်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ အီးမေးလ် myanmarja12@gmail.com သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ယူနန်ပြည်နယ် ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး (နိုင်ငံတော်ဒုတိယဝန်ကြီးအဆင့်) Mr. Zhao Jin ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပြီး နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်အတွက် မီဒီယာကဏ္ဍမှ ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ လာရောက်ကြသည့် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းများကောက်ယူခြင်း အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာ စီမံကိန်း (၂၀၁၈-၂၀၂၂)အရ ၂၀၁၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံး ၁၈ ရုံး၌ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Programme) ကို ဆောင်ရွက်ရန် ရွေးချယ်သတ်မှတ်ခဲ့ပြီး မြန်မာတစ်နိုင်ငံလုံးရှိ တရားရုံး ၁၈ ရုံးအနက် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးလည်း ပါဝင်ခဲ့ရာ တရားရုံးသို့လာရောက်ကြသည့် တရားရုံးအသုံးပြုသူများ၏ စစ်တမ်းများကောက်ယူခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် အဆိုပါခရိုင်တရားရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ခရိုင်တရားသူကြီး ဒေါ်သန်းသန်းတင့်က စစ်တမ်းများကောက်ယူခြင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ယနေ့နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ရုံးချိန်အတွင်း ကောက်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရားရုံးအသုံးပြုသူများအဖြစ် တရားရုံးသို့ လာရောက်ကြသည့် အမှုသည်များ၊ သက်သေများ၊ ရှေ့နေများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ အမှုသည်များ၏ ဆွေမျိုးသားချင်းများ၊ တရားခံများ၊ အခမဲ့ဥပဒေအထောက်အကူပြုရှေ့နေများ၊ အခြားကိစ္စများဖြင့် တရားရုံးသို့ ရောက်ရှိလာကြသူများကို စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းစစ်တမ်းကောက်ယူခြင်းကို လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Women's Federation For Peace က ဦးဆောင်ပြီး ယင်းအဖွဲ့မှ လူငယ်များနှင့် လှိုင်သာယာလူငယ်ကွန်ရက်အဖွဲ့မှ လူငယ်များက ကူညီဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။



မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကနဦးစစ်တမ်းများကောက်ယူခြင်းကို ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ကောက်ယူခဲ့သည်။

တရားရုံးအသုံးပြုသူများ၏ စစ်တမ်းကို ထပ်မံကောက်ယူခြင်းမှာ တရားရုံးအသုံးပြုသူများ၏ တရားရုံးအပေါ် ယုံကြည်ကိုးစားမှု မြင့်တက်လာခြင်းကို တိုင်းတာနိုင်မည်ဖြစ်၍ အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်မင်းလတ်(MNA)**

# အဂတိလိုက်စားမှုအတွက် ကုန်ကျစရိတ်ကို လုပ်ပိုင်ခွင့်အာဏာရှိသူတစ်ဦးက လာဘ်ငွေအနည်းငယ်မျှရယူပြီး တရားမဝင်သော ကိစ္စတစ်ခုတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မည်မျှထိခိုက်နစ်နာဆုံးရှုံးသွားစေခဲ့သလဲဆိုသောအချက်နှင့်သာ တိုင်းတာသင့်

**နေပြည်တော် ဇန်နဝါရီ ၁၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တို့ပူးပေါင်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ နည်းပညာအကူအညီဖြင့် "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ"ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ ကျင်းပသည်။



### အလေးထားဆောင်ရွက်

အလုပ်ရုံဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကောင်းမွန်သော အစိုးရအုပ်ချုပ်မှုစနစ်ကို ထူထောင်ဆောင်ရွက်ရာတွင် ပြည်သူများက ယုံကြည်အားကိုးရသည့် အစိုးရအဖွဲ့အစည်းဖြစ်အောင် အားလုံးပြောင်းလဲရန်လိုကြောင်း၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးအတွက် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေးသည် အရေးပါလှကြောင်း၊ အဂတိတရား (၄)ပါး ကင်းရှင်းရေးအတွက် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စေတနာထားဆောင်ရွက်ရန်နှင့် မိမိတို့စောင့်ထိန်းကြရမည့် ဝန်ထမ်းကျင့်ဝတ်၊ မိမိတို့ဌာန၏ ဂုဏ်သိက္ခာကိုစောင့်ထိန်းရန် အရေးကြီးကြောင်း၊ ယနေ့ခေတ်တွင် အဂတိလိုက်စားမှုသည် အခြားမှုခင်းများနှင့် ဆက်စပ်နေသောကြောင့် နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးနှင့်ဆိုင်သောပြဿနာဖြစ်၍ နိုင်ငံအားလုံးက အလေးထား ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က နိုင်ငံတော်သမ္မတပြောကြားသည့် လမ်းညွှန်ချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကော်မရှင်က ထိထိရောက်ရောက်ဆောင်ရွက်နေနိုင်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ရတောင့်ရခဲအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ဆယ်စုနှစ်များစွာ လွှမ်းမိုးကြီးထွားခဲ့သော အဂတိလိုက်စားမှုစနစ်ဆိုးသည် နိုင်ငံ၏ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုယဉ်ကျေးမှုဘဝကြီးတစ်ခုလုံးကို အကြီးအကျယ် ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခဲ့သည်ကို လူတိုင်းသိရှိနားလည်ထားကြပြီးဖြစ်ကြောင်း၊ အဂတိလိုက်စားခြင်းသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်သည့်အတွက် ဆယ်စုနှစ်များစွာ ကိုယ်ကျင့်တရားပျက်ယွင်းနေခဲ့သော လူမှုယဉ်ကျေးမှုပတ်ဝန်းကျင်အတွင်း ရှင်သန်ခဲ့ရသည့် နိုင်ငံသူ နိုင်ငံသားများ၏ ဂုဏ်သိက္ခာသည်လည်း များစွာထိခိုက်ကျဆင်းခဲ့ရကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ်သော်လည်းကောင်း၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပြင်းပြသော နိုင်ငံရေးဆန္ဒနှင့်အညီ ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်ဆောင်မှုတစ်ရပ်အနေဖြင့်သော်လည်းကောင်း၊ ကော်မရှင်ကဦးဆောင်ပြီး အဂတိလိုက်စားမှုများကို တိုက်ဖျက်နေခြင်းသည် မည်သူ့အတွက်မျှ ခြိမ်းခြောက်မှုမဖြစ်စေလိုကြောင်းနှင့် အစိုးရဌာနအဖွဲ့အစည်းများအပါအဝင် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူလူထုကြီးတစ်ရပ်လုံး ဂုဏ်သိက္ခာပြန်လည်မြင့်မားလာရေးအတွက် လက်လွှတ်မခံသင့်သည့် အခွင့်အရေးတစ်ရပ်သာ ဖြစ်ပါကြောင်း။

### ကောင်းမွန်သောကိုယ်ကျင့်တရားများ

အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် လွတ်လပ်၍ ဖွံ့ဖြိုးတိုးတက်သော လူနေမှုဘဝတို့အတွက် အခြေခံလိုအပ်သည့် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် အားလုံးပါဝင်နိုင်မှု စသောတန်ဖိုးထားအပ်သည့် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို နိုင်ငံသူ နိုင်ငံသားများအတွင်း ပိုမိုဖြစ်ထွန်းလာစေရန် ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ ခြောက်လှန့်တောင်းခံခြင်း၊ ရုံးဌာနများတွင် ပုံစံအမျိုးမျိုးဖြင့် ငွေကြေးပေးရခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း၊ ယူခြင်း၊ တရားမဝင်ဂိုတ်ကြေးပေးရခြင်း၊ ဘက်လိုက်ခြင်း၊ မျက်နှာသာပေးခြင်း၊ ဆရာမွေးတပည့်မွေးခြင်း၊ ပြည်သူ့ဘဏ္ဍာရန်ပုံငွေနှင့် မြေယာအဆောက်အအုံအပါအဝင် အများပြည်သူပိုင်ဆိုင်မှုများကို အလွဲသုံးစားပြုခြင်း(သို့မဟုတ်)ထိခိုက်နစ်နာဆုံးရှုံးစေခြင်း၊ အများပြည်သူဆိုင်ရာရုံးဌာနတစ်ခုတွင်တာဝန်ထမ်းဆောင်ပြီး အများပြည်သူအကျိုးစီးပွားကိုလျစ်လျူရှု၍ ပုဂ္ဂလိကအကျိုးစီးပွားများသာ ပြုလုပ်ခြင်း၊ အဖြစ်မှန်ကိုဖုံးကွယ်၍ မှားယွင်းသော အုပ်ချုပ်ရေးစနစ်ကို အကာအကွယ်ပြုပေးခြင်း၊ ပြည်သူကပေးအပ်ထားသော အခွင့်အာဏာကို အလွဲသုံးစားပြုခြင်းစသည့် အဂတိလိုက်စားမှုများကို ကော်မရှင်ကတိုက်ဖျက်ရခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့်အညီ ကောင်းမွန်သောကိုယ်ကျင့်တရားများ ဖွံ့ဖြိုးအားကောင်းလာစေရန် အတွက်သာ ဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်ဦးတစ်ယောက်တစ်ဖွဲ့ကို ထိခိုက်နစ်နာစေရန် ဆန္ဒဂါမိ ဆန္ဒဂတိနောက်သို့ လိုက်ပါခြင်းမရှိပါကြောင်း။

အစိုးရဌာနများအပါအဝင် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများနှင့်သာ အများဆုံး ဆက်စပ်လုပ်ကိုင်ရသော ကမ္ဘာ့ဘဏ်အုပ်စု၏ အဂတိလိုက်စားမှု (Corruption)အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ "အဂတိလိုက်စားမှုဆိုသည်မှာ ပုဂ္ဂလိကအကျိုးစီးပွားအလို့ငှာ အများပြည်သူဆိုင်ရာရုံးဌာနတစ်ခုကို အလွဲသုံးစားပြုခြင်း"ဟု ဖော်ပြထားကြောင်း၊ အများပြည်သူ၏ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ထားသော အများပြည်သူကပိုင်ဆိုင်သောရုံးဌာနတစ်ခုတွင် အများပြည်သူကပေးအပ်ထားသော လစာနှင့် ခံစားခွင့်များကို ရယူခံစားလျက် အများပြည်သူက တာဝန်အပ်နှင်းထားသဖြင့် လုပ်ပိုင်ခွင့်အာဏာရှိနေသော ပုဂ္ဂိုလ်တစ်ယောက်သည် အများပြည်သူလူထု၏ အကျိုးစီးပွားအတွက်သာလျှင် အပြည့်အဝဆောင်ရွက်ပေးရန် တာဝန်ရှိပါကြောင်း၊ ရာထူးဌာနကိုအသုံးပြု၍ ပုဂ္ဂလိကထံမှ ငွေကြေးကောက်ခံခြင်း သို့မဟုတ် အခြားနည်းဖြင့် ပုဂ္ဂလိက အကျိုးစီးပွားကို မိမိအတွက်နှင့် မိမိအထက်အရာရှိအတွက် ရှံဖန်ရံခါရှာဖွေပေးရသည်ဆိုလျှင်ပင် ထိုသူသာမက သူ၏အထက်အရာရှိကိုပါ အဂတိလိုက်စားမှုဖြစ်မှုကို ကျူးလွန်ရာရောက်နိုင်ကြောင်း၊ အထက်အရာရှိများသည် မိမိကိုယ်တိုင်ကင်းရှင်းရသည့်အပြင် မိမိလက်အောက်မှပုဂ္ဂိုလ်များ အဂတိလိုက်စားမှုမဖြစ်အောင် လုံလောက်သည့်ထိန်းကျောင်းမှုများပြုလုပ်ပေးရန် တာဝန်ရှိပါကြောင်း၊ ၎င်းမှာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အုပ်ချုပ်ရေး၌ တာဝန်ယူမှုရှိခြင်း (Accountability in Administration)ပင် ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းကြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့(TI)က "အဂတိလိုက်စားမှုဆိုသည်မှာ ပုဂ္ဂလိက အကျိုးအမြတ်အလို့ငှာ ယုံကြည်အပ်နှံထားသောပါဝါကို အလွဲသုံးစားပြုခြင်း"ဟု ဖော်ပြထားပါကြောင်း၊ စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်း၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်း၊ အရပ်ဘက်အဖွဲ့အစည်း၊ အမွေဆက်ခံမှု၊ ထိမ်းမြားလက်ထပ်ခြင်း၊ ပညာသင်ကြားခွင့်၊ ရာထူးခန့်အပ်ခြင်း၊ ရွေးကောက်ပွဲအပါအဝင် ကျယ်ပြန့်စွာ လွှမ်းခြုံမှုရှိသော ရှင်းလင်းချက်ဖြစ်ကြောင်း၊ အထူးတင်ပြလိုသည်မှာ အဂတိလိုက်စားမှုသည် အစိုးရထံမှ အဖွဲ့အစည်းများ အပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသာမက ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း သက်ဆိုင်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ငြိစွန်းလာလျှင် အရေးယူခြင်းခံရနိုင်သည်ဆိုသည့် အချက်ဖြစ်ကြောင်း၊ ဤသို့မဖြစ်စေရန် အကောင်းဆုံးလုပ်ဆောင်နိုင်သည့်နည်းလမ်းမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် မိမိတို့အဖွဲ့အစည်းအလိုက် ကျင့်ဝတ်များရေးဆွဲထားကြပြီး လိုက်နာကျင့်သုံးကြခြင်းဖြစ်ကြောင်း။

### ပိုမိုတိုက်ဖျက်သွားနိုင်မည်

ကော်မရှင်အနေဖြင့် အများပြည်သူဆိုင်ရာနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကိုသာ ဥပဒေနှင့်အညီ ထုတ်ပြန်ဆောင်ရွက်နိုင်သည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ ကျင့်ဝတ်ရေးဆွဲရာတွင် လိုက်နာသင့်သည့်မူဘောင်ကို အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် ထုတ်ပြန်ထားကြောင်း၊ ဤမူဘောင်သည် ပြည်တွင်းပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အနာဂတ်ကာလတွင် နိုင်ငံတကာအဆင့်(ISO 37001)စံနှုန်းသို့ တက်လှမ်းနိုင်ရေး လွယ်ကူစေရန် ရည်မှန်းပြီး ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အခြားအဖွဲ့အစည်းများကလည်း ဤမူဘောင်ကို နမူနာယူ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကျင့်ဝတ်များရေးဆွဲပြီး လိုက်နာနိုင်ရန် အကြံပေးပြောကြားလိုကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ မူဘောင်နှင့်အညီ ကျင့်ဝတ်များရေးဆွဲပြီး လိုက်နာကျင့်သုံးကြခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ၌ တာဝန်ယူမှုရှိခြင်း(Accountability in Business)ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အုပ်ချုပ်ရေးအပိုင်းမှသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းမှသော်လည်းကောင်း၊ တာဝန်ယူမှု မြင့်တင်နိုင်ကြမည်ဆိုလျှင် နိုင်ငံ၏ အဂတိလိုက်စားမှုအခြေအနေသည် အတိုင်းအတာတစ်ခုအထိ လျော့ကျလာသည်ကို ၂၀၁၉ ခုနှစ်အကုန်ပိုင်းမှ စတင်ပြီးတွေ့မြင်လာနိုင်ဖွယ်ရှိသည်ဟု ကော်မရှင်ကမျှော်လင့်ထားပါကြောင်း၊ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)နှင့်အညီ ၂၀၁၉ ခုနှစ်အတွက် လုပ်ငန်းစီမံချက်(Action Plan)ကိုရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်နှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသည့် ခလုတ်တံသင်းတစ်ခုဖြစ်နေသော အဂတိလိုက်စားမှုများကို ပိုမိုတိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော တစ်နိုင်ငံလုံးပျံ့နှံ့နေသည့် အဂတိလိုက်စားမှု(Systemic Corruption)တွင် အနည်းဆုံးအင်္ဂါရပ်သုံးခုရှိသည်ဟု လက်ခံသဘောတူထားကြကြောင်း၊ ထိုအင်္ဂါရပ်သုံးခုမှာ (၁) အစိုးရဌာနအဖွဲ့အစည်းများ အပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအတွင်းရှိ အရေးကြီးသောနေရာများ၌ အဂတိလိုက်စားသူများ ရှိနေကြဆဲဖြစ်ခြင်း၊ (၂) ပြည်သူအများစုအနေဖြင့် အခြားရွေးချယ်စရာ နည်းလမ်းမရှိသောကြောင့် လာဘ်ပေးလာဘ်ယူမှုကို လုပ်ရိုးလုပ်စဉ်ကဲ့သို့ လုပ်နေကြရခြင်း၊ (၃) တာဝန်ရှိသူများက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တာဝန်ယူမှု ရှိသင့်သလောက် မရှိကြခြင်းတို့ပင်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အင်စတီကျူးရှင်းခေါင်းဆောင်များသည် မိမိတို့၏ ဩဇာအာဏာများကို မဖြစ်မနေသုံးစွဲကြရန်လိုအပ်ကြောင်းကို ပထမအချက်အနေဖြင့် တင်ပြလိုကြောင်း၊ ဒုတိယအနေဖြင့် အဂတိလိုက်စားမှုအတွက် ကုန်ကျစရိတ် (Cost of Corruption)ကို အင်စတီကျူးရှင်းခေါင်းဆောင်များက မှန်ကန်စွာ တွက်ချက်နိုင်ရန်ဖြစ်ကြောင်း။

### အစွမ်းကုန်မြှင့်တင်

အဂတိလိုက်စားမှုအတွက် ကုန်ကျစရိတ်ကို ပေးသော၊ ယူသော လာဘ်ငွေ ပမာဏနှင့် မတိုင်းတာသင့်ကြောင်း၊ လုပ်ပိုင်ခွင့်အာဏာရှိသူ တစ်ဦးက လာဘ်ငွေအနည်းငယ်မျှရယူပြီး တရားမဝင်သောကိစ္စတစ်ခုတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် မည်မျှထိခိုက်နစ်နာ ဆုံးရှုံးသွားစေခဲ့သလဲ ဆိုသောအချက်နှင့်သာ တိုင်းတာသင့်ပါကြောင်း၊ ထိုသို့တိုင်းတာမည်ဆိုပါက နိုင်ငံသူ နိုင်ငံသားတို့၏ အသက်များ၊ ဘဝများ၊ အခွင့်အရေးများ၊ နိုင်ငံ့သယံဇာတများ၊ သမိုင်းအမွေအနှစ်များသာမက နိုင်ငံ့ရင်သွေး၊ ကလေးသူငယ်တချို့၏ အနာဂတ်အလားအလာများပါ ပျောက်ဆုံးကုန်ကြရသည့်အဖြစ်များကို တွေ့မြင်ခံစားနိုင်ကြရလိမ့်မည်ဟု ယူဆကြောင်း၊ သို့ဖြစ်ပါ၍ အင်စတီကျူးရှင်းခေါင်းဆောင်များသည် အခွင့်အခါကောင်းနှင့် ကြုံကြိုက်လျက် မိမိတို့လက်ဝယ်ရရှိထားသည့် လုပ်ပိုင်ခွင့်နှင့်တာဝန်များကို နှောင့်နှေးတွေဝေနေခြင်းမရှိဘဲ နိုင်ငံတော်အစိုးရ၏ ပြင်းပြသောနိုင်ငံရေးဆန္ဒနှင့်အညီ အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရန်အတွက် မိမိတို့၏တာဝန်ယူမှုများကို အစွမ်းကုန်မြှင့်တင်ပေးကြပါဟု ပြောကြားသည်။

ယင်းနောက် စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အပြန်အလှန် တာဝန်ယူမှုခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ လူမှုအဖွဲ့အစည်းသုံးခုမှ အပြန်အလှန် ဟန်ချက်ညီသော မူဝါဒများချမှတ်နိုင်ရန်၊ တိုင်းဒေသကြီး၏ Action Plan ရေးဆွဲရန်တို့ကို အကြံပြုရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်သန်းမြင့်က "ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှု"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေနှင့် ဒေါက်တာတင်မောင်သန်း(သင့်ဘဝ)တို့က "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက "စီးပွားရေးလုပ်ငန်းများအတွက် တာဝန်ယူမှုရှိသော အုပ်ချုပ်ရေး"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကိုယ်စားလှယ်တစ်ဦးက "တာဝန်ယူမှုရှိသော သတင်းမီဒီယာကဏ္ဍ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ UMFCCI အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးနှင့် MCRB အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးတို့က "တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက "တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ CSO အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက "တာဝန်ယူမှုရှိသော CSO များကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးမှုရလဒ်များအပေါ် သုံးသပ်ပြောကြားသည်။ ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ တာဝန်ရှိသူများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မီဒီယာများတက်ရောက်ကြသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

International Business Promotion Centre (IBPC) နှင့် မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံသံရုံးများ ပူးပေါင်းကျင်းပသည့် ASEAN Business Collaboration Event ကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Pan Pacific Hotel ၌ ကျင်းပသည်။ IBPC ဥက္ကဋ္ဌ ဦးအိုက်ထွန်းက "မြန်မာနိုင်ငံ လုပ်ငန်းရှင်တွေကို နိုင်ငံတကာဝင်ဆံ့အောင် အဖွဲ့အစည်းတစ်ခုဖွဲ့ပြီး လုပ်ဆောင်မယ်ဆိုပြီး ဒီနေ့ထိ နိုင်ငံပေါင်း ၈၀ သွားခဲ့ကာ မြန်မာနိုင်ငံကို မိတ်ဆက်တယ်။ မြန်မာနိုင်ငံရဲ့ လုပ်ငန်းကိုလည်း နိုင်ငံခြားလုပ်ငန်းရှင်တွေ၊ အောင်မြင်တဲ့လုပ်ငန်းရှင်တွေ၊ စိတ်ပါဝင်စားသူတွေကို ဖိတ်ခေါ်ပြီး နှစ်စဉ်နှစ်တိုင်း တွေ့ဆုံဆွေးနွေးတယ်။ တော်တော်များများ လုပ်ငန်းတွေစလုပ်နေပါပြီ။ အာဆီယံ-မြန်မာစီးပွားရေး လုပ်ငန်းတွေ ဒီထက်မက တိုးတက်အောင် ဆောင်ရွက်နိုင်ဖို့ ဒီပွဲကို ကျင်းပခြင်းဖြစ်တယ်"ဟု ပြောသည်။




IBPC ကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်စုစုပေါင်း ၉၃ ဦး ရှိနေပြီဖြစ်သည်။ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုဖွံ့ဖြိုးကောင်းမွန်ပြီး နိုင်ငံတကာအဆင့်မီလုပ်ငန်းများအား ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီချိတ်ဆက်ပေးခြင်း၊ ပိုမိုကောင်းမွန်သော စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး**(အပေါ်ပုံ)**က "ဒီနေ့ပွဲက IBPC နဲ့ အာဆီယံသံရုံးတွေ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ပူးပေါင်းစီစဉ်ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ အထူးသဖြင့် အာဆီယံနိုင်ငံတွေက ရင်းနှီးမြှုပ်နှံသူတွေလုပ်နိုင်မယ့် အခွင့်အလမ်းတွေပေါ်လာဖို့ စီစဉ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဘက်ကလည်း ဆွေးနွေးမယ့်သူတွေက စီးပွားရေးနယ်ပယ်အသီးသီးမှာ တကယ်လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေဖြစ်တယ်။ အာဆီယံနိုင်ငံတွေက တက်ရောက်လာတဲ့သူတွေကလည်း မြန်မာနိုင်ငံကို စိတ်ဝင်စားလို့ လာကြတဲ့သူတွေဖြစ်တယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အာဆီယံနိုင်ငံတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ ချိတ်ဆက်မိသွားရင် မြန်မာနိုင်ငံထဲကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်လာဖို့ အထောက်အကူဖြစ်လိမ့်မယ်လို့ မြင်ပါတယ်" ဟု ပြောသည်။

ASEAN Business Collaboration Event ကို အာဆီယံနိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ကျင်းပခြင်းဖြစ်သည်။

အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံမှ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သတင်းအချက်အလက်နည်းပညာ၊ ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ ဟိုတယ်၊ စိုက်ပျိုးရေး၊ လက်လီရောင်းချခြင်း၊ ဆေးပညာနှင့် ဆေးဝါး၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရီရီမြင့်**

# ဘဏ်များမှ ထုတ်ချေးသော ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်များမှ ထုတ်ချေးသော ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများကို ပြင်ဆင်သတ်မှတ်လိုက်သည်။ မြေနှင့်အဆောက်အအုံ၊ ရွှေ-ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင်၊ ချေးငွေအာမခံဖြင့် ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ သတ်မှတ်သည့် အပေါင်ပစ္စည်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသော ချေးငွေများအပေါ် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် ၃ ရာခိုင်နှုန်း (၁၀%+ ၃% =၁၃%)ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရန် ပြောင်းလဲသတ်မှတ်လိုက်သည်။

အထက်ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် ၆ ရာခိုင်နှုန်း (၁၀%+၆% = ၁၆%) ထက် ကျော်လွန်၍ ကောက်ခံခြင်း မပြုရန်လည်း ပြင်ဆင်သတ်မှတ်လိုက်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၇-၁၂-၂၀၁၁)ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ်(၁၀/၂၀၁၁) အရ သတ်မှတ်သော မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းသည် ၁၀ ရာခိုင်နှုန်းအတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၇-၁၂-၂၀၁၁)ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ်(၁၁/၂၀၁၁) ၏ အပိုဒ်(၂-က)အရ သတ်မှတ်သော ငွေစုဘဏ်အပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရသည့် အနည်းဆုံးအတိုးနှုန်းသည် ဗဟိုဘဏ် အတိုးနှုန်းအောက် ၂ ရာခိုင်နှုန်း(၁၀%-၂% = ၈%)ထက် မနည်းစေရဟူသော သတ်မှတ်ချက်သည် မပြောင်းလဲဘဲ ဆက်လက်တည်ရှိသည်။

အမြင့်ဆုံး အတိုးနှုန်းဆိုသည်မှာ ချေးငွေအပေါ် သတ်မှတ်သော အတိုးနှုန်းနှင့် ယင်းချေးငွေနှင့်ပတ်သက်၍ အခြားကောက်ခံသည့် အခကြေးငွေများ (ကတိခံကြေး၊ စီမံခန့်ခွဲမှုစရိတ်အဖြစ် တစ်လုံးတည်း (သို့မဟုတ်) အလီလီကောက်ခံသည့်စရိတ်၊ အခြားစရိတ်များ) အပါအဝင် စုစုပေါင်း ကောက်ခံနိုင်သည့်နှုန်းကို ဆိုလိုခြင်းဖြစ်၍ မည်သည့်နည်းနှင့်မျှ အမြင့်ဆုံးသတ်မှတ်ထားသော အတိုးနှုန်းထက်ကျော်လွန်ခြင်း မရှိစေရန် လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ ဤညွှန်ကြားချက်သည် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်ဟု ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၄-၁၁-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ်(၇/၂၀၁၇)ဖြင့် ဘဏ်များအား သုံးနှစ်ထက်မပိုသော ကာလသတ်မှတ်ချက်ချေးငွေများကို ထုတ်ချေးခွင့်ပြုခဲ့ပါသည်။ ဘဏ်များ၏ ချေးငွေဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ချေးငွေသက်တမ်း သုံးနှစ်ထက်ပိုသော အိမ်ရာချေးငွေများ ထုတ်ချေးခြင်းကို ဘဏ်၏ စုစုပေါင်းချေးငွေ စုငွေသက်တမ်း၏ ၅% အထိ ခွင့်ပြုလိုက်သည်။

ဘဏ်များအနေဖြင့် စုစုပေါင်းချေးငွေ၏ ၅% အတွင်း အိမ်ရာချေးငွေမှအပ သက်တမ်း သုံးနှစ်ထက်ပိုသည့် အခြားသောချေးငွေများကို ထုတ်ချေးလိုပါက ချေးငွေထုတ်ချေးခြင်းဆိုင်ရာကိစ္စရပ်နှင့် စည်းကမ်းချက်များကို ဖော်ပြ၍ ကိစ္စရပ်တစ်ခုချင်းအလိုက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြပြီး ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကြေးမုံ**

# မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှု

| စဉ် | အကြောင်းအရာ | ၂၀၁၇ ဒီဇင်ဘာလထိ | ၂၀၁၈ ဒီဇင်ဘာလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့်လာရောက်သူများ | ၁၃၁၄၀၆၆ | ၁၃၃၅၇၁၄ | ၂၁၆၄၈ | (+) ၁. ၆၅% |
| ၂ | အပျော်စီးသင်္ဘောဖြင့်ဝင်ရောက်သူများ | ၆၉၄၀ | ၉၃၇၀ | ၂၄၃၀ | (+) ၃၅. ၀၁% |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၄၁၉၄၂ | ၅၃၀၁၄ | ၁၁၀၇၂ | (+) ၂၆. ၄၀% |
|  | ဗီဇာဖြင့်လာရောက်သူပေါင်း | ၁၃၆၂၉၄၈ | ၁၃၉၈၀၉၈ | ၃၅၁၅၀ | (+) ၂. ၅၈% |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၂၀၈၀၁၈၅ | ၂၁၅၃၃၃၀ | ၇၃၁၄၅ | (+) ၃. ၅၂% |
|  | **စုစုပေါင်း** | ၃၄၄၃၁၃၃ | ၃၅၅၁၄၂၈ | ၁၀၈၂၉၅ | (+) ၃. ၁၅% |




**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

# ဆီဆိုင်၊ ဟိုပုံးနှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းခင်းများအား ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဆီဆိုင်မြို့နယ် ပန်အွန်းကျေးရွာတောင်ဘက် နှစ်မိုင်ခန့်အကွာ၌ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသီဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် အမြင့်နှစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့သည်။

ဟိုပုံးမြို့နယ် ဒုံလိတန်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်နှင့် မိုင်းပျဉ်းမြို့နယ် ပန်တားလေးကျေးရွာအနီး၌ ဘိန်းစိုက်ခင်း ရှစ်ဧကခန့်ကိုလည်း ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရခိုင်ပြည်နယ်၏ အလှအပပုံရိပ်များကို ဖော်ကျူးသည့် My Beautiful Rakhine ဓာတ်ပုံပြိုင်ပွဲကျင်းပရက် တိုးမြှင့်သတ်မှတ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ်၏ အလှအပပုံရိပ်များကို ဖော်ကျူးပြသမည့် "My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ဓာတ်ပုံများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ သတ်မှတ်ထားရာမှ ယခုအခါ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ လက်ခံတိုးမြှင့်၍ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း mango media မှ သိရသည်။

ဓာတ်ပုံပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် mango media မှ ပါဝင်ဆောင်ရွက်သူ မဆုအိန္ဒြေလင်းက "ရခိုင်ပြည်နယ်ရဲ့ သဘာဝအလှတွေ၊ ရှုခင်းတွေ၊ နောက် ရခိုင်ပြည်နယ်ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို အဓိက ရိုက်ပြရမှာ ဖြစ်တယ်။ ပြိုင်တဲ့အခါ ဓာတ်ပုံဆရာမှမဟုတ်ဘူး၊ ကြိုက်တဲ့သူ ရိုက်လို့ရပါတယ်။ ဖုန်းနဲ့ပဲရိုက်ရိုက်၊ ဒရုန်းကင်မရာနဲ့ပဲရိုက်ရိုက် ရပါတယ်။ ဓာတ်ပုံတော့ ပြင်ခွင့်မရှိပါဘူး။ အားလုံးယှဉ်ပြိုင်နိုင်သလို ပညာရှင်၊ ဝါသနာရှင်ဆိုပြီး အတန်းအစား မခွဲထားပါဘူး"ဟု ပြောသည်။



"My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲဝင် ဓာတ်ပုံတစ်ပုံအား တွေ့ရစဉ်။

"My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲဝင်များအနေဖြင့် မိမိတို့တရားဝင် အသုံးပြုလျက်ရှိသည့် facebook, Instagram အကောင့်များမှ #my beautiful rakhine, #mpsrakhine ဟု (#)တွဲကာ မိမိအကောင့်တွင် Public ဖြင့် တင်၍ ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် mango media တို့မှ ပူးပေါင်းစီစဉ် ကျင်းပခြင်းဖြစ်ပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းခွဲနှင့် နှစ်သိမ့်ဆု ၁၀ ဆုအတွက် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဓာတ်ပုံပြိုင်ပွဲက ဒစ်ဂျစ်တယ်ဆိုတော့ အဓိကပြိုင်ရမှာ ဆိုရှယ်မီဒီယာဖြစ်တဲ့ facebook နဲ့ Instagram မှာ ပြိုင်ရမှာ။ အကောင့်တုတွေကို လက်မခံဘူး။ ကိုယ်ပိုင်အကောင့်နဲ့ ပြိုင်ရမှာပါ။ နောက် ကိုယ်ရိုက်ခဲ့တဲ့ နေရာကို ဖော်ပြပေးရမယ်။ စစ်တွေမှာလား၊ ငပလီမှာလား၊ မြောက်ဦးမှာလားပေါ့။ ဓာတ်ပုံကလည်း အရေအတွက် ကန့်သတ်ချက်မရှိပါဘူး။ ကြိုက်သလောက် ပြိုင်လို့ရပါတယ်။ ဒါကို ကျွန်မတို့က #mybeautiful rakhine, #mpsrakhine ဆိုတာနဲ့ ပြန်ရှာပြီး ရွေးချယ်ပေးမှာပါ"ဟု မဆုအိန္ဒြေလင်းက ပြောသည်။

ဓာတ်ပုံပြိုင်ပွဲသည် ရခိုင်ပြည်နယ်တွင် တွေ့မြင်ရနိုင်သော အရာများကို အဓိက ရိုက်ကူးရမည်ဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ လူသိများသော Land mark များ၊ ရှုခင်းများ၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ လူနေမှုများ ရိုက်ကူးယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ မဆုအိန္ဒြေလင်းက "ရခိုင်ပြည်နယ်ရဲ့ ပုံရိပ်က ကျဆင်းသလို ဖြစ်နေတယ်၊ #rakhine လို့ ရှာလိုက်ရင် အဆိုးပုံရိပ်တွေပဲ တက်သလိုဖြစ်နေတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာရှိတဲ့ လူမသိသေးတာရော၊ သိပြီးသားအလှတွေနဲ့ ဓလေ့တွေကိုပြချင်တာပါ။ ဒါကြောင့် ကျွန်မတို့က အဲဒီဓာတ်ပုံတွေကို ဝက်ဘ်ဆိုက်မှာလည်းတင်မယ်။ အဓိကကတော့ နိုင်ငံခြားသားတွေ မြင်တဲ့အခါ ရခိုင်ဟာ သူတို့ထင်သလို မဟုတ်ပါလား ဆိုတာကို သိစေချင်လို့ပါ"ဟု ပြောသည်။

"My Beautiful Rakhine" ဓာတ်ပုံပြိုင်ပွဲတွင် နိုင်ငံတော်၏ မူဝါဒ၊ ဥပဒေနှင့် ငြိစွန်းသောပုံများ၊ မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သောပုံများ၊ ရခိုင်ပြည်နယ်၏ ယဉ်ကျေးမှု၊ လူနေမှုသဘာဝအလှနှင့် ကောင်းသတင်းကို ထိခိုက်စေနိုင်သော ပုံများအား ဓာတ်ပုံပြိုင်ပွဲ စိစစ်ရေးအဖွဲ့က စဉ်းစားမည်မဟုတ်ကြောင်း မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် ယှဉ်ပြိုင်မည့် ဓာတ်ပုံများပေါ်တွင်လည်း စာများ၊ logo များ၊ သင်္ကေတများ အပါအဝင် မည်သည့်အမှတ်အသားမျိုးမှ ထည့်သွင်းခြင်းမပြုရန် အသိပေးထားသည်။

**ညွန့်ကိုကို**

## မြန်မာနိုင်ငံ ပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ်ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ် တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ လတ်တလောစားဝတ်နေရေး ပြေလည်အောင် ထောက်ပံ့မှုများတွင် မှန်ကန်သောစာရင်းဇယားများအတိုင်း ထောက်ပံ့နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ယာယီတဲများနှင့် ယင်လုံအိမ်သာများ အသုံးပြုနိုင်ရေး၊ ရွေ့လျားကျန်းမာရေးဝန်ဆောင်မှု ဆေးခန်းစီစဉ်ဆောင်ရွက်ရေး၊ ပညာဆက်လက်သင်ကြားနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးရေး၊ တိုက်ပွဲရှောင်စခန်းများတွင် လုံခြုံရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပျောက်ဆုံးသွားသောမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ အမြန်ဆုံးပြန်လည်ရရှိအောင် စိစစ်ဆောင်ရွက်ပေးရေး၊ တိုက်ပွဲရှောင်စခန်းများတွင် ယာယီစာဖတ်ခန်းများဖွင့်လှစ်ရေး၊ လိုအပ်သောစားနပ်ရိက္ခာများကို စနစ်တကျထောက်ပံ့ပေးရေးနှင့် စခန်းများတွင် စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး ပြည်နယ်အစိုးရမှ တာဝန်ယူ ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။



ဆွေးနွေးမှုများအပေါ် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ရေဆိုးအနေအထားတိုင်းတာခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**စတင်လုပ်ဆောင်**

အဆိုပါ ကားကြီးကွင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းကို M-Development Corporation (Myanmar) Co., Ltd. က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ စီမံကိန်းအတွက် တည်ဆောက်ရေးကာလအတွင်းသာမက လုပ်ငန်းလည်ပတ်စဉ်ကာလအထိ စီမံကိန်းဧရိယာအတွင်းရှိ ကားဂိတ်ပိုင်ရှင်များ၊ ဆိုင်ခန်းပိုင်ရှင်များအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP) ရေးဆွဲအကြံပြုနိုင်ရေး လေ့လာဆန်းစစ်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် အဆိုပါ စီမံကိန်းအား တာဝန်ယူဆောင်ရွက်သွားမည့် M-Development Corporation (Myanmar) Co.,Ltd. မှ မန်နေဂျာ ဦးမျိုးကိုကလည်း "ဒီပရောဂျက်အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှု ကျွမ်းကျင်ပညာရှင်များအဖွဲ့ရဲ့ အစီရင်ခံစာနဲ့အညီ ကျွန်တော်တို့ကုမ္ပဏီက ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းအတွက် လက်ရှိမှာတော့ တံခွန်တိုင်အဝိုင်းအနီးမှာ ၁၀ ဧကကျယ်တဲ့ ယာယီကားကြီးကွင်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ၂၀၁၉ ခုနှစ် ဇွန်လအပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကို ယာယီကားကြီးကွင်းအပ်ရမှာဖြစ်ပြီးတော့ မြို့တော်စည်ပင်က ပြည့်စုံပြီဆိုမှ ယာယီကားကြီးကွင်းကို ရွှေ့ပြောင်းပြီး လက်ရှိကားကြီးကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းကာလရဲ့ ပထမအဆင့်ကို နှစ်နှစ်အတွင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**အကြံပြုချက်များရယူ**

လက်ရှိတွင် ဇန်နဝါရီ ၁၅ ရက်က အဆိုပါစီမံကိန်း ဆောင်ရွက်မည့် ဧရိယာအတွင်းရှိ သက်ဆိုင်သူများနှင့် တွေ့ဆုံ၍ လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်မည့်အချက်အလက်များကို အသိပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့်အပြင် ၎င်းတို့၏ အကြံပြုချက်များကိုလည်း ရယူခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

✪ MNL မှ

Southern အသင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဧရာဝတီအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြည်တွင်းကစားသမားများဖြင့် ယှဉ်ပြိုင်နေသည့် ရတနာပုံအသင်းသည် ပွဲစဉ်(၁)တွင် ဧရာဝတီအသင်းကို အိမ်ကွင်း၌ သရေသာကစားနိုင်ခဲ့သလို ရှမ်းယူနိုက်တက်အသင်းမှာလည်း စစ်ကိုင်းအသင်းနှင့် အဝေးကွင်း၌ သရေကျခဲ့သည်။ ထို့ကြောင့် ရတနာပုံနှင့် ရှမ်းအသင်းတို့ ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက နှစ်ရာသီဆက်တိုက် အဝေးကွင်း၌ အနိုင်ရထားသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ အိမ်ကွင်း၌ ကစားရမည်ဖြစ်သောကြောင့် နိုင်ပွဲဆက်ဖွယ်ရှိနေပြီး အဖွင့်ပွဲတွင် ဇွဲကပင်ကို အနိုင်ကစားခဲ့သည့် တနင်္သာရီအသင်းမှာမူ ရခိုင်နှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ ရှုံးပွဲကြုံတွေ့ထားသည့် ဟံသာဝတီ၊ ဇွဲကပင်နှင့် Chinland အသင်းတို့ ရှုံးပွဲရပ်တန့်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ်(၁)တွင် လက်ရှိချန်ပီယံ ရန်ကုန်၊ တနင်္သာရီနှင့် Southern အသင်းတို့သာ အနိုင်ရခဲ့ပြီး ရှမ်း၊ စစ်ကိုင်း၊ ဧရာဝတီ၊ ရတနာပုံ၊ ရခိုင်နှင့် မကွေးအသင်းတို့ တစ်မှတ်စီရထားကာ ဇွဲကပင်၊ Chinland နှင့် ဟံသာဝတီအသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သည်။

**သတင်း-ရှိုင်းထက်ဖော်**
**ဓာတ်ပုံ-စိုးညွန့်**

○ မြန်မာ ယူ-၂၂ မှ

အုပ်စု(က)တွင် ဗီယက်နမ်၊ ထိုင်း၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဖော်**

# လူမှုဖူလုံရေးသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုဆီသို့ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲရေးဆီသို့ အလုပ်ရှင်၊ အလုပ်သမား အားကိုးတဲ့ ဌာနကြီးဖြစ်အောင် ဦးတည်ချက်နဲ့သွားနေပါတယ်

လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း

ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ တတိယပိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုးနှင့် ILO မှ အရာရှိ ဒေါက်တာသိန်းသန်းဌေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**


ဦးမောင်မောင်အေး


ဦးဝင်းနိုင်


ဒေါ်ဖြိုးစန္ဒာစိုး


ဒေါက်တာသိန်းသန်းဌေး

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။** ။လူမှုဖူလုံရေး အလုပ်သမားတွေအပေါ် ဝန်ဆောင်မှုပေးတယ်။ ပြုပြင်ပြောင်းလဲမှုတွေ တစ်ပြိုင်နက်လုပ်ဆောင်ပေးနေတဲ့အပေါ်မှာ အလုပ်ရှင်တွေရဲ့ အမြင်တွေကရော ဘယ်လိုများရှိမလဲ သိပါရစေ။

**အလုပ်ရှင်ကိုယ်စားလှယ်။** ။အတူတူပါပဲ။ အင်မတန်ကောင်းတဲ့ အစီအစဉ်တွေလို့ ပြောလိုပါတယ်။ IT Reform ဆိုရင် အလုပ်သမားကိုယ်စားလှယ်ပြောကြားသွားသလိုပါပဲ။ ကျွန်တော်တို့ အလုပ်ရှင်တွေက ကိုယ့်အလုပ်သမားဟာ မှတ်ပုံတင်ထားသလား၊ အကျုံးဝင်လုပ်သားဖြစ်ရဲ့လားဆိုတဲ့ အနေအထားကို ကြုံရပါတယ်။ အချို့ကျတော့ သူတို့ရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုက လက်လွှဲပြီးသုံးထားတယ်။ ဒါကြောင့် ဒီဘက်မှာ SSB နဲ့ပတ်သက်တဲ့ နံပါတ်ရဖို့ ခက်တာတွေရှိတယ်။ အခု Reform တွေက အများကြီးအကျိုးရှိတယ်။ Medical Reform ဆိုတာလည်း ကျွန်တော်တို့အားလုံး မျှော်လင့်နေကြပါတယ်။ အလုပ်သမားတွေ အဆင်ပြေပြေနဲ့ ကျန်းမာရေးအနီးကပ်စောင့်ရှောက်မှုရနိုင်မှာပါ။

**အစီအစဉ်မှူး။** ။ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ အလုပ်သမားကိုယ်စားလှယ်ဘက်ကလည်း ပြောပြပေးပါဦး။

**အလုပ်သမားကိုယ်စားလှယ်။** ။ကျွန်မတို့ကလည်း အခုလိုပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေကို ကြိုဆိုပါတယ်။ ဒီနေရာကနေ ပြောချင်တာကတော့ ကျွန်မတို့ရဲ့ အလုပ်သမားညီအစ်ကိုမောင်နှမတွေ နည်းပညာစနစ်ကို သုံးတဲ့နေရာမှာ လိုက်ပါပေးကြဖို့ လိုအပ်ပါတယ်။ ကျွန်မတို့ကိုယ်တိုင်လည်း ဒီလိုနည်းပညာသစ်တွေကိုမသုံးဘဲ နေလို့မရတော့ပါဘူး။ အကျိုးခံစားခွင့်တွေကို ပိုပြီးလွယ်လွယ်ကူကူခံစားလို့ရမယ်။ အခုလိုရုံးစာအဝင်၊ အထွက်ကို အီလက်ထရွန်နစ်နဲ့သွားမယ်။ အီးမေးလ်အသုံးပြုပြီး အချက်အလက်တွေပေးပို့မယ်။ ဒီလိုမျိုးဆိုရင် အရာရာမြန်ဆန်ပြီး ပိုထိရောက်လာနိုင်သလို ကုန်ကျစရိတ်လည်း အများကြီးသက်သာသွားမယ်။ ဒီနေရာမှာ အရေးကြီးတာက ကျွန်မတို့ညီအစ်ကိုမောင်နှမ အလုပ်သမားတွေဟာ အမီလိုက်ပြီး ဒီစနစ်ထဲမှာ အသားကျစွာနဲ့ လိုက်ပါပြောင်းလဲနိုင်ကြဖို့ ကျွန်မက အကြံပြုပါတယ်။

### ခေတ်နဲ့ညီတဲ့စနစ်

နောက်တစ်ခုကတော့ Legal Reform နဲ့ ပတ်သက်ပြီး အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ သုံးပွင့်ဆိုင် သဘောတူညီပြီးပါပြီ။ ကျွန်မတို့က အလုပ်သမား၊ အလုပ်ရှင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကအစ ခေတ်မီအောင် လိုက်ပြောင်းလဲဖို့ လိုပါတယ်။ ကျွန်မတို့ တတ်နိုင်တဲ့ဘက်ကနေ အားလုံးပူးပေါင်းပါဝင်ဖို့ လိုပါတယ်။ အဓိက စဉ်းစားတာမှာ နိုင်ငံက အရာရာနောက်ကျနေသေးတယ်ဆိုပေမယ့် နောက်ကျတာကို အခွင့်အလမ်းတစ်ခုအနေနဲ့လည်း ပြန်သုံးကြဖို့လိုပါတယ်။ သူများနိုင်ငံမှာ မှားခဲ့တဲ့ အမှားတွေကို ကျွန်မတို့ မမှားတော့ဘူး။ ခုန်ပျံကျော်လွှား သွားကြမယ်။ ပိုပြီးတော့ ခေတ်နဲ့ညီတဲ့စနစ်ကို ကူးပြောင်းကြမယ်။ မူဝါဒတွေချမှတ်ရာမှာ ပိုပြီး အားလုံးပါဝင်နိုင်အောင် အားလုံးစာဖတ်ကြဖို့၊ ပြောင်းချင်တဲ့ အမြော်အမြင်ရှိဖို့ လိုပါတယ်။ ဒါတွေကိုလည်း အားလုံးသိရှိအောင် သက်ဆိုင်ရာအဆင့်ဆင့်ကိုပေးပို့ဖို့ လိုအပ်ပါတယ်။ ဒါတွေကို ထည့်သွင်းပြီးတော့လည်း စဉ်းစားပေးဖို့ လိုပါတယ်။

ဥပမာပြောရရင် Technical Expect တွေရှိပါတယ်။ ကျွန်မတို့ ကိုယ်မကျွမ်းကျင်တဲ့အပိုင်းမှာ မပါနိုင်ပေမယ့် ရှိထားပြီးသား ပညာရှင်တွေရဲ့ လုပ်ဆောင်ချက်အပေါ် ကိုယ်နိုင်တဲ့ဘက်ကနေ အားလုံးအကျုံးဝင်ဖြစ်စေဖို့ ပူးပေါင်းပါဝင်ကြပါလို့ ထပ်လောင်းပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။** ။အခုဆွေးနွေးရမှာက Reform (ပြုပြင်ပြောင်းလဲမှု)နဲ့ ပတ်သက်ပြီး ဆောင်ရွက်တဲ့အခါ ILO နဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ILO ရဲ့ National Officer ဒေါက်တာသိန်းသန်းဌေးကို မေးမြန်းလိုပါတယ်။ ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာကို အများပြည်သူသိအောင် ပြောပြပေးပါ။

**ILO ကိုယ်စားလှယ်။** ။ကျွန်တော်တို့ ILO က တကယ့်ကို ထဲထဲဝင်ဝင် ဆောင်ရွက်နေတာဖြစ်လို့ ပထမဆုံးမြင်တာကတော့ လက်ရှိလူမှုဖူလုံရေးစနစ်သည် လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကနေ အမွေခံလာတဲ့ လူမှုဖူလုံရေးဖြစ်ပါတယ်။ စနစ်ကတော့ ဥပဒေသစ်နဲ့ သွားနေပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် အကြားမှာ အာမခံအလုပ်သမား ခုနစ်သိန်းပဲရှိခဲ့တယ်။ ၂၀၁၄ ခုနှစ်ဧပြီလကနေ အခုအချိန်အထိ လေးနှစ်ကျော်မှာ အာမခံအလုပ်သမားဦးရေက နှစ်ဆလောက် တိုးလာတယ်။ ၁၂ သိန်းခွဲဖြစ်သွားပါတယ်။ ဒါပေမယ့် ဝန်ထမ်းက နှစ်ဆ တိုးမလာဘူး။ စနစ်က နှစ်ဆ ပိုမြန်မလာဘူး။

### ဆက်လက်တည်ရှိ

လူမှုဖူလုံရေးအဖွဲ့အစည်းဆိုတာမျိုးဟာ ရေတိုအဖွဲ့အစည်းမဟုတ်ပါဘူး။ မြန်မာနိုင်ငံကြီးတည်ရှိနေသရွေ့ လူမှုဖူလုံရေးဟာ ဆက်လက်တည်ရှိနေရမှာပါ။ အာမခံအလုပ်သမားတွေရဲ့ ထည့်ဝင်ကြေးသည် တစ်နှစ်ကစပြီး နှစ်ပေါင်း ၆၀ အထိ ထိန်းသိမ်းထားဖို့ လိုပါတယ်။ အခုလက်ရှိအနေအထားအရ အာမခံစနစ်သုံးမျိုးမှာ မိသားစုအာမခံစနစ်ဆိုရင် ဒီစနစ်ကို အကျိုးခံစားခွင့်ရဖို့ ၃၆ လ ထည့်ဝင်ကြေးကို တစ်ရွက်ချင်း ပြန်လှန်တယ်ဆိုရင် ၃၆ ခါ ပြန်လှန်ရတယ်။ အယောက်တစ်သန်းရဲ့ လုပ်ငန်းဆိုရင် ဘယ်လောက်ဖြစ်မလဲ။ ဒီအတိုင်းဆက်သွားလို့ မဖြစ်ဘူးဆိုတာ ကျွန်တော်တို့ လူမှုဖူလုံရေးက ကောင်းကောင်းသဘောပေါက်ပါတယ်။

ဒါကြောင့် ILO နဲ့ ပေါင်းပြီး အိုင်တီစနစ်ကို စပြီး ပြုပြင်ပြောင်းလဲရေးလုပ်ရအောင်၊ နိုင်ငံတကာစံချိန်စံညွှန်းမီတဲ့ စနစ်ကြီးလုပ်ရအောင် အဲဒီမှာ လူမှုဖူလုံရေးအဖွဲ့ရဲ့ စဉ်းစားပုံလေး ကောင်းတာကို ချီးကျူးပါတယ်။ အိုင်တီစနစ်ပြုပြင်ပြောင်းလဲရေးကို အလုပ်ရှင်ကလည်း သုံးရပါမယ်။ အလုပ်ရှင်ကလည်း ထည့်ဝင်ကြေးပေးထားတာကြောင့် အလုပ်သမားက အကျိုးခံစားရတာပါ။ ဒါကြောင့် သူတို့လည်း အိုင်တီစနစ်မှာ ပါဝင်သင့်ပါတယ်။ ဒီစနစ်ကြီးက သုံးနှစ်ပြီးသွားရင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ဘက်ပေါင်းစုံက သုံးလာရမယ့် နည်းပညာစနစ်ကြီးဖြစ်လာပါမယ်။ ပြည့်စုံတဲ့သတင်းအချက်အလက် အတော်များများဟာ အလုပ်ရှင်ဆီကနေ လူမှုဖူလုံရေးကို လာပါတယ်။ လူမှုဖူလုံရေးအကျိုးခံစားခွင့်သည် အလုပ်သမားကို ပေးလိုက်တဲ့ အချို့ကိစ္စတွေသည် အလုပ်ရှင်လည်း သိရှိနိုင်ပါတယ်။ အားလုံးသိရမယ်ဆိုတဲ့စနစ်ဟာ ဘုံစနစ်ဖြစ်ရပါမယ်။ ဒါကြောင့် ဒီစနစ်ကို လုပ်ဖို့ သဘောတူပြီးမှ တွန်းတွန်းတိုက်တိုက် လုပ်ကြရပါတယ်။

အဲဒီမှာ တွေ့လာရတာက Admin Reform ဖြစ်ပါတယ်။ နှစ်ပေါင်း ၆၀ ကျော်က လုပ်ထုံးလုပ်နည်းတွေပါတယ်။ ရှေးရိုးစွဲပုံစံတွေကို မြင်ရတယ်။ ဒါကြောင့် နောင်နှစ်မှာ ရန်ကုန်နဲ့ မန္တလေးတွေမှာ ရှေ့ပြေးစမ်းသပ်အစီအစဉ်တွေ စတင်မယ်။ ဖြေလျှော့ထားတဲ့ လုပ်ငန်းတွေကို အကျိုးခံစားခွင့်တွေ မြန်မြန်ရအောင်၊ ထည့်ဝင်ကြေးပေးတဲ့ အလုပ်ရှင်တွေကလည်း ထည့်ဝင်ကြေးကို မြန်မြန်ပေးသွင်းအောင် ဆိုတာမျိုးလုပ်ပါတယ်။

### ပင်စင်စနစ်

IT Reform ကြီး ဖြစ်လာပြီဆိုရင် ခုနကပြောသွားတဲ့ ပင်စင်စနစ်ကို ကျွန်တော်တို့ ကောင်းကောင်းကိုင်တွယ်နိုင်သွားပြီ။ လူငါးသန်းလာမလား၊ ရှစ်သန်းလာမလား အေးအေးဆေးဆေး လုပ်နိုင်သွားပြီ။ အဲဒီမှာ ပထမဆုံး Admin Reform လုပ်မယ်။ ဥပဒေကနေလည်း အကျပ်အတည်းတွေ ရှိပါတယ်။ အချို့ကိစ္စတွေကို လုပ်ကိုင်မယ်ဆိုရင် ဥပဒေကို မပြင်ဆင်ဘဲနဲ့ မရပါဘူး။ ဥပဒေပြင်ဆင်မှုရမယ့် အနေအထားတွေ ရှိပါတယ်။ တကယ်တော့ အဆုံးသတ်သည် IT Reform ၊ Admin Reform ၊ ပြီးတော့ Legal Reform ဖြစ်လိမ့်မယ်။

တစ်ပြိုင်နက်မှာ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ဒါက ILO ကလည်း အကြံပြုထားတယ်။ Reform သုံးခုမှာ Medical Reform ကို ဖြည်းဖြည်းပဲလုပ်စေချင်တယ်။ နိုင်ငံတကာအတွေ့အကြုံတွေကိုယူပြီးမှ သူများတဲ့အတွေ့အကြုံတွေကိုယူပြီး ဘာတွေကြုံတွေ့ခဲ့ကြသလဲ၊ ဘယ်လိုစိန်ခေါ်မှုတွေရှိသလဲ ဆိုတာနဲ့ လက်ရှိအနေအထားမှာ ဘယ်လိုရှောင်လွှားသွားကြမလဲဆိုတာတွေကို သိနိုင်ဖို့ ဖြစ်ပါတယ်။

အဆုံးသတ်အနေနဲ့ ကျွန်တော်တို့ ILO က လက်ရှိမြန်မာနိုင်ငံလူမှုဖူလုံရေး ပြုပြင်ပြောင်းလဲမှုမှာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုက အားရဖို့ကောင်းတယ်လို့မြင်ပါတယ်။ အခြားနိုင်ငံတွေနဲ့လည်း မတူညီပါဘူး။ ဒီပုံစံအတိုင်းကို ဆက်ပြီးသွားမယ်ဆိုရင် နောက်မကြာမီကာလအတွင်း လူမှုဖူလုံရေးရဲ့ သမိုင်းမျက်နှာစာသစ်တစ်ခုကို ဖွင့်လှစ်နိုင်မယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။

**အစီအစဉ်မှူး။** ။ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တွေ ပြီးဆုံးသွားရင် ဘယ်လိုအကျိုးကျေးဇူးတွေ ရလာမလဲဆိုတဲ့အပေါ်ကိုလည်း သုံးသပ်ဆွေးနွေးပေးဖို့ ညွှန်ကြားရေးမှူးချုပ်ကို ပြောကြားစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ်။** ။အခုလို ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ဆောင်ခြင်းအားဖြင့် အကျိုးကျေးဇူးရတာကတော့ အလုပ်ရှင်ရော၊ အလုပ်သမားရော၊ အစိုးရရော သုံးဦးစလုံး ရမှာပါ။ လူမှုဖူလုံရေးအဖွဲ့ဟာ ရုံးချုပ်၊ ရုံးခွဲ၊ ဆေးရုံ၊ ဆေးခန်းတွေကို ဒီ Network ချိတ်ဆက်ထားတဲ့ အိုင်တီစနစ်နဲ့သွားနေတဲ့အတွက် မြန်လာမယ်၊ လွယ်ကူချောမွေ့လာမယ်။ ဥပမာပြောရရင် အကျိုးခံစားခွင့်ပေးတဲ့လုပ်ငန်းတွေ၊ နှောင့်နှေးကြန့်ကြာတာတွေ ပိုမြန်လာမယ်။ ဆေးကုသမှုဝန်ဆောင်မှုကလည်း ပိုကောင်းလာမယ်။ ခေတ်မီတဲ့ဆေးရုံတွေနဲ့ ချိတ်ဆက်ပြီးတော့ စာချုပ်ချုပ်ဆိုနိုင်မှာဖြစ်တဲ့အတွက် အာမခံအလုပ်သမားတွေလည်း လွယ်ကူစွာ ချိတ်ဆက်ကုသနိုင်မယ်။

### မြန်ဆန်လာ

ကျွန်တော်တို့ရဲ့ဥပဒေက နိုင်ငံတကာကျင့်သုံးမှုနဲ့ ပိုပြီးတော့ တူလာပြီး မြန်ဆန်လာမယ်လို့ ယုံကြည်ပါတယ်။ Paper Based အစား Electronic Based ကိုသွားတဲ့စနစ်မို့ နိုင်ငံတော်လျှောက်လှမ်းမယ့် e-Government နဲ့ ချိတ်ဆက်နိုင်မယ်။ နိုင်ငံတစ်ဝန်းမှာ ခေတ်မီတဲ့ ဆေးခန်းတွေရှိသလို လူမှုဖူလုံရေးကလည်း ဒေသတွင်း၊ နိုင်ငံတွင်းမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းတွေနဲ့ စာချုပ်ချုပ်ထားတာဖြစ်တဲ့အတွက် ပိုကောင်းတဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးနိုင်မယ်။

အလုပ်ရှင်တွေကလည်း လက်ရှိအခက်အခဲဖြစ်နေတဲ့ Contribution အပိုင်းပေါ့။ ကျွန်တော့်ဆီလာရင် ထည့်ဝင်ကြေးပေးတာတွေက ကြာတယ်။ ကြာတဲ့အတွက် ဒီစနစ်အတိုင်းသွားမယ်။ မြန်လာမယ်။ ဒီလိုအကျိုးကျေးဇူးတွေရမယ်။ ထည့်ဝင်ကြေးပေးတဲ့ကိစ္စတင်မဟုတ်ဘဲ မှတ်ပုံတင်ကိစ္စတွေလည်း ပိုမြန်လာမယ်။ e-Payment ဖြစ်လာလို့ ထည့်ဝင်ကြေးကိစ္စတွေဟာ ပိုမြန်လာမယ်။

အလုပ်သမားအတွက်ကတော့ လက်ရှိကျင့်သုံးနေတဲ့ ကျန်းမာရေးဝန်ဆောင်မှုထက် ပိုကောင်းတဲ့ ဝန်ဆောင်မှုကို ရလာမှာပါ။ အလုပ်သမားတွေဟာ နံနက် ၈ နာရီကနေ ည ၈ နာရီအထိ ဆေးကုသမှုဝန်ဆောင်မှုကို ရရှိသွားမှာဖြစ်ပါတယ်။ စာချုပ်ချုပ်တဲ့ဆေးခန်းတွေကနေ ဝန်ဆောင်မှုကောင်းတွေရလာမယ်။ ဒီကနေ လူမှုဖူလုံရေးကို ယုံကြည်မှု တွေရှိလာမယ်။

အလုပ်သမားတွေအနေနဲ့ ဆွေးနွေးခဲ့သလို လုပ်ငန်းခွင်မှာပျော်ရွှင်ပြီး ဝန်ဆောင်မှုတွေ ကောင်းလာတာနဲ့အမျှ ကျန်းမာရေးတွေ ကောင်းလာပြီး လုပ်ဆောင်မှုတွေ တိုးတက်လာမယ်။ အလုပ်ရှင်ကိုလည်း အကျိုးပြုနိုင်ပြီး အပြန်အလှန် လူမှုဘဝတွေလည်း လုံခြုံလာမှာဖြစ်ပါတယ်။

### တစ်မျိုးသားလုံးအကျုံးဝင်

နိဂုံးချုပ်ဆွေးနွေးလိုတာက လူမှုဖူလုံရေးအဖွဲ့က လူမှုရေးစီမံကိန်းအောင်မြင်အောင် အပတ်တကုတ်ကြိုးစားဆောင်ရွက်နေပါတယ်။ လိုအပ်ချက်တွေလည်း ရှိနေပါသေးတယ်။ ဒါတွေကို ပြုပြင်ဆောင်ရွက်မှုတွေလည်း လုပ်ဆောင်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ပူးပေါင်းပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ညီအစ်ကိုစိတ်ဓာတ်နဲ့ ILO အပါအဝင် ဝိုင်းဝန်းဆောင်ရွက်ပေးမှသာ လူမှုဖူလုံရေးစီမံကိန်းကြီးက မျှော်မှန်းခဲ့သလို တစ်မျိုးသားလုံးအကျုံးဝင်တဲ့ စီမံကိန်းဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

လူမှုဖူလုံရေးသည် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုဆီသို့၊ ပိုမိုကောင်းမွန်သော စီမံခန့်ခွဲရေးဆီသို့ အလုပ်ရှင်၊ အလုပ်သမား အားကိုးတဲ့ဌာနကြီးဖြစ်အောင် ဦးတည်ချက်နဲ့သွားနေပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ အရင်တုန်းက လူမှုဖူလုံရေးသည် SSB Centric နဲ့ သွားတယ်။ အခုတော့ Client Centric နဲ့ သွားတယ်ဆိုတာ အားလုံးကို အသိပေးရင်း နိဂုံးချုပ်ပါတယ်။ ။

# ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ကမ္ဘာ့အကြီးဆုံး စာအုပ်ဈေးရောင်းပွဲတော်ဟု လူသိများသည့် The Big Bad Wolf Book-2019 စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park (MEP)၌ ကျင်းပသည်။

အခမ်းအနားတွင် ဈေးရောင်းပွဲတော် စီစဉ်ဆောင်ရွက်သူ Read 2 Read Myanmar အဖွဲ့၏ ဒါရိုက်တာ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်းနှင့် နာယက ဒေါက်တာသာထွန်းဦးတို့က အမှာစကားပြောကြားကြပြီး The Big Bad Wolf Book Sale တည်ထောင်သူ Mr.Andrew Yap နှင့်အတူ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လူတန်းစားမရွေး၊ အသက်အရွယ်မရွေး၊ ဈေးနှုန်းချိုသာသည့် စာအုပ်များကို မိမိတို့စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ခြင်း၏ အကျိုးကျေးဇူးခံစားနိုင်စေရန် ရည်ရွယ်ချက်ဖြင့်ကျင်းပသည့် The Big Bad Wolf Book -2019 စာအုပ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park (MEP)၌ ဝင်ကြေးအခမဲ့ဖြင့် ဇန်နဝါရီ ၁၈ ရက်မှ ၂၈ ရက်အထိ ၁၁ ရက်တိုင် ၂၄ နာရီပတ်လုံး ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။



The Big Bad Wolf Book-2019 စာအုပ်ဈေးရောင်းပွဲတော်တွင် ဂန္ထဝင်ဝတ္ထုများ၊ သိပ္ပံ၊ စိတ်ကူးယဉ်ဝတ္ထုများ၊ အချစ်ဝတ္ထု၊ သုတ၊ ရသစာပေများ၊ ဟာသရုပ်ပြစာအုပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ချက်ပြုတ်ခြင်းဆိုင်ရာ စာအုပ်များ၊ ကလေးသူငယ်များ စိတ်ဝင်စားဖွယ် ဆေးရောင်ခြယ်စာအုပ်များ၊ သင်ထောက်ကူပြုစာအုပ်များ၊ ရုပ်ပြစာအုပ်များ စသည့် သုတ၊ ရသ ကဏ္ဍစုံမှ စာအုပ်အမျိုးအစားပေါင်း ၂၀၀၀၀ ကျော် ပါဝင်ပြီး အသစ်စက်စက် အင်္ဂလိပ်ဘာသာစာအုပ်ပေါင်း တစ်သန်းကျော်ကို ၅၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

စာအုပ်ဈေးရောင်းပွဲတော်တွင် Augmented Reality(AR) နည်းပညာဖြင့် ဖန်တီးထားသည့် စာအုပ်များကို မြန်မာစာဖတ်ပရိသတ်များအနေဖြင့် လေ့လာကြည့်ရှု ဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်သည်။

ယင်းစာအုပ်ဈေးရောင်းပွဲတွင် CB Bank Card ကိုင်ဆောင်သူများသည် စာအုပ်များကို ငွေကျပ် ၁၀၀၀၀ ဖိုးနှင့် အထက်ဝယ်ယူပါက ငါးရာခိုင်နှုန်း ပြန်အမ်းငွေ ရရှိမည်ဖြစ်သည်။ ထို့ပြင် The Big Bad Wolf Book သည် Save the library အဖွဲ့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက် ၁၀၀ သို့ စာအုပ်များ လှူဒါန်းသွားမည်ဖြစ်ရာ စာအုပ်ဈေးရောင်းပွဲရှိ Red Readerhood Programme booth တွင် ကိုယ်တိုင်ကိုယ်ကျ ပေးအပ်လှူဒါန်းခြင်းဖြင့် The Big Bad Wolf Book ၏ လှူဒါန်းမှုတွင် ပါဝင်နိုင်ကြောင်း သိရသည်။

The Big Bad Wolf Book Sale ကို ကမ္ဘာတစ်ဝန်းရှိ လူအများအတွက် စာအုပ်စာပေများကို ဈေးနှုန်းချိုသာစွာဖြင့် လက်ဝယ်ရရှိရန် ဖန်တီးပေးမည့် ရည်မှန်းချက်ဖြင့် ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

The Big Bad Wolf Book Sale သည် မလေးရှားနိုင်ငံနှင့် အာရှတစ်ခွင်၌ ထင်ရှားသည့် စာအုပ်ဈေးရောင်းပွဲတော်တစ်ခုဖြစ်သည်။ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံများနှင့် တရုတ်(တိုင်ပေ)တို့၌လည်း နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုအခါ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရအဆိုရှင် ၁၁ ဦး၏ ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေ ထုတ်လုပ်ဖြန့်ချိနိုင်ရေး စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ကြီးမှူးကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင် ၁၁ ဦး၏ ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေ ထုတ်လုပ်ဖြန့်ချိနိုင်ရေး စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)၌ ကျင်းပသည်။



**ပါဝင်ကူညီ**

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(ဂီတ) ဦးတိုးကျော်က "ငြိမ်းချမ်းရေး ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှာ စတင်ခဲ့ပါတယ်။ မြို့ပေါင်း ၁၁ မြို့မှာ သွားရောက်ပြီး တစ်ပတ်ကို တစ်မြို့နှုန်းနဲ့ ဖျော်ဖြေပွဲပေါင်း ၂၂ ပွဲ ကျင်းပခဲ့တယ်။ နောက်ဆုံးပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်က ပြည်သူ့ရင်ပြင်မှာ ကျင်းပပြီးစီးခဲ့ပါတယ်။ သီချင်းရွေးချယ်ပြီး ၂၀၁၈ ခုနှစ် မတ်လမှာ အသံသွင်းတဲ့လုပ်ငန်းနဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်ခဲ့ပါတယ်။ အခွေဖြစ်မြောက်ဖို့ဆိုတာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပြင် ပြင်ပက ရိုက်ကူးရေးပညာရှင်တွေလည်း ပါဝင်ကူညီထားတာရှိပါတယ်။ ဒီနေ့မှာတော့ ငြိမ်းချမ်းရေးဂီတပွဲတော် DVD ခွေ စတင်ဖြန့်ချိဖို့ အဆင်သင့်ဖြစ်တဲ့အနေအထားဖြစ်လို့ မိတ်ဆက်တာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ စီးပွားရေးဆန်တဲ့ကိစ္စမဟုတ်ဘဲ ရှုံးတာ၊ မြတ်တာ၊ ခိုးကူးတာကို အဓိကမထားပါဘူး။ နိုင်ငံတော်ကလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလမ်းစဉ် ဖော်ဆောင်တာကို အထောက်အကူပြုတဲ့အနေနဲ့ သိထား၊ တတ်ထား၊ နားလည်ထားတဲ့ ဂီတသုခုမအနုပညာနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီတာဖြစ်ပါတယ်"ဟု ပြောသည်။

တေးရေးဆရာ ဦးမြင့်မိုးအောင်က ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေတွင် ပါဝင်သည့် တေးသီချင်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ DVD ခွေ ထုတ်လုပ်ဖြန့်ချိမည့် Excellent Music Distribution မှ ဦးမျိုးဆွေက ဖြန့်ချိမည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**အကြိုးခံစားမှုပြသ**

ရွေးချယ်ထားသည့် တေးသီချင်း ၁၁ ပုဒ်ထဲမှ တေးရေးဆရာ ရွှေကျော်ကျော် ရေးစပ်ပြီး တေးသံရှင် နီနီခင်ဇော်နှင့် ငြိမ်းချမ်းရေးဂီတပွဲတော် ပထမဆုအဆိုရှင် မေသူကျော်တို့ သီဆိုထားကြသည့် "ငြိမ်းချမ်းရေးဆိုတာ"သီချင်း၊ တေးရေးဆရာ ဦးမြင့်မိုးအောင် ရေးစပ်ပြီး ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင် မေသဇင် သီဆိုထားသည့် "ကျွန်မချစ်သော"သီချင်း၊ တေးရေးဆရာ မြတ်လေးရေးစပ်ပြီး ငြိမ်းချမ်းရေးဂီတပွဲတော် ဒုတိယဆုရအဆိုရှင် ကြူကြူခိုင်နှင့် တတိယဆုရအဆိုရှင် ဖြူလှုတို့ သီဆိုထားသည့် "ပန်းတိုင်းပွင့်ပါစေ"သီချင်း တို့ကို အကြိုခံစားမှုအဖြစ် ပြသသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် ပြိုင်ပွဲဝင်တေးသီချင်းများ DVD ခွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက မူပိုင်အဖြစ် ဇန်နဝါရီ ၂၄ ရက် (ကြာသပတေးနေ့)တွင် Excellent Music Distribution က ထုတ်လုပ်ဖြန့်ချိမည်ဖြစ်သည်။ တစ်ဘူးလျှင် DVD တစ်ချပ်နှင့် CD နှစ်ချပ် ပါဝင်မည်ဖြစ်ပြီး Excellent Music Distribution၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)ရုံးနှင့် နေပြည်တော် တပ်ကုန်းရုံး၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ချိမည်ဖြစ်သည်။

DVD ခွေတွင် သီချင်းစုစုပေါင်း ၁၈ ပုဒ်နှင့် CD တစ်ချပ်စီတွင် သီချင်း ကိုးပုဒ်စီပါရှိပြီး သီချင်း ၁၄ ပုဒ်မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်ဆိုင်းဝိုင်းကြီး၊ သံစုံတီးဝိုင်းနှင့် ခေတ်ပေါ်တေးဂီတတို့နှင့်ပေါင်းစပ်ပြီး တီးခတ်ထားကြောင်း၊ ကျန်သီချင်းလေးပုဒ်ကို တေးရေးဆရာ အသီးသီးတို့က ၎င်းတို့တွင်ရှိသည့် တီးဝိုင်းဖြင့် တီးခတ်ထားကြောင်း သိရသည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ- လှမိုး**

# အမြင်အာရုံမသန်စွမ်းသူများအတွက် မြန်မာစာကို ကိုယ်တိုင်ရေး၊ ဖတ်နိုင်မည့် ဆော့ဖ်ဝဲအသစ် မိတ်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံမျက်မမြင်များအသင်းကကြီးမှူး၍ နိုင်ငံတကာမှ အလှူရှင်အဖွဲ့အစည်းများ၏ပံ့ပိုးမှုဖြင့် ပြည်တွင်း၊ ပြည်ပမှ ကွန်ပျူတာပညာရှင်များ ပူးပေါင်းပြီး မြန်မာနိုင်ငံအတွင်းရှိ အမြင်အာရုံမသန်စွမ်းသူများအတွက် အထောက်အကူဖြစ်စေရန် ဖန်တီးတီထွင်လိုက်သည့် မြန်မာစာကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဖတ်ရှုနိုင်သော Myanmar TTS မြန်မာအသံထွက်ဆော့ဖ်ဝဲအသစ်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central ဟိုတယ်၌ ပြုလုပ်သည်။

"အမြင်အာရုံမသန်စွမ်းသူတွေဟာ အရင်တုန်းက ကွန်ပျူတာပေါ်မှာ အင်္ဂလိပ်စာကိုဖတ်ပေးတဲ့ အင်္ဂလိပ်အသံထွက်ဆော့ဖ်ဝဲကို အမှီပြုပြီး ကွန်ပျူတာကို အသုံးပြုခဲ့ကြပါတယ်။ အခုအခါ ကွန်ပျူတာနဲ့ မြန်မာစာကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဖတ်ရှုနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီဆော့ဖ်ဝဲဟာ မြန်မာနိုင်ငံမှာရှိတဲ့ အမြင်အာရုံမသန်စွမ်းသူများအတွက် များစွာအထောက်အကူပြုမယ့် ဆော့ဖ်ဝဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ လုပ်ငန်းနယ်ပယ်၊ ပညာရေးကဏ္ဍ၊ ဗဟုသုတနဲ့ သတင်းအချက်များ ရှာဖွေရာမှာ အမြင်အာရုံရရှိသူများနည်းတူ လုပ်ဆောင်နိုင်တော့မှာ ဖြစ်တဲ့အတွက်ကြောင့်ပါ"ဟု ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မော်မော်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူ လူဦးရေ ၂ ဒသမ ၃ သန်းကျော်ရှိသည့်အနက် အမြင်အာရုံမသန်စွမ်းသူဦးရေမှာ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိရာ မသန်စွမ်းသူ လေးမျိုးအနက် အများဆုံးဖြစ်ကြောင်း၊ အမြင်အာရုံ မသန်စွမ်းသူများအတွက် သတင်းအချက်အလက်များရရှိရန်နှင့် ဗဟုသုတများ၊ အတွေ့အကြုံများကို စာဖတ်ခြင်းမှ အဓိကရရှိပြီး ထိုသို့ဖတ်ရှုနိုင်ရန် လွန်စွာခက်ခဲကြောင်း၊ အချို့စာအုပ်များကို အသံထွက်စာအုပ်များဖြင့် ထုတ်ဝေနိုင်သော်လည်း အချို့စာအုပ်များကိုမူ အမြင်အာရုံရရှိသူများ၏ အကူအညီဖြင့်သာ နားထောင်ဖတ်ရှုနေရကြောင်း၊ ယခုအခါ အမြင်အာရုံမသန်စွမ်းသူများအနေဖြင့် ကွန်ပျူတာနှင့် အွန်လိုင်းများပေါ်တွင် မြန်မာစာဖြင့် ရေးသားဖော်ပြထားသည့် အကြောင်းအရာများကို အမြင်အာရုံရရှိသူများနည်းတူ ဖတ်ရှုနိုင်မည်ဖြစ်ပြီး ရုံးလုပ်ငန်းများ၌ ကွန်ပျူတာဖြင့် စာများရေးသားရာတွင်လည်း မြန်မာ TTS ဆော့ဖ်ဝဲကိုအသုံးပြု၍ ရေးနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

မြန်မာ TTS ဆော့ဖ်ဝဲသည် မြန်မာစာများအား အသံထွက်စနစ်ဖြင့် ရေးနိုင်၊ ဖတ်နိုင်ပြီး စာများကိုလည်း အသံဖိုင်အဖြစ် ပြောင်းလဲထုတ်လုပ်ပေးနိုင်သည်။ ဤစနစ်အား မြန်မာယူနီကုတ်ကိုအခြေခံ၍ တည်ဆောက်ထားခြင်းကြောင့် မြန်မာစာများအား စနစ်တကျရေးနိုင်၊ ဖတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါဆော့ဖ်ဝဲသည် အမြင်အာရုံမသန်စွမ်းသူများအတွက် ကွန်ပျူတာကိုအသုံးပြု၍ စာဖတ်ခြင်း၊ စာရေးခြင်းများ ပြုလုပ်ရာတွင် လွန်စွာအရေးပါလှပြီး သူတစ်ပါးအကူအညီမလိုဘဲ စာရေးခြင်း၊ စာဖတ်ခြင်းများကို ပြုလုပ်နိုင်တော့မည်ဖြစ်သဖြင့် အဆိုပါဆော့ဖ်ဝဲကို မြန်မာနိုင်ငံအတွင်းရှိ အမြင်အာရုံမသန်စွမ်းသူများအတွက် အခမဲ့ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်းနှင့် www.myanmaratc.org တွင် ဒေါင်းလုတ်ရယူနိုင်ကြောင်း သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

# ဒက္ခိဏသီရိမြို့နယ်တွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

နေပြည်တော် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုနှင့်အတူ နေပြည်တော်ဧရိယာအတွင်းရှိ မြို့နယ်များတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးများ ကြီးကြပ်၍ အသိပညာပေးဟောပြောမှုများ အဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲက ဒက္ခိဏသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့်အတူ ဒက္ခိဏသီရိမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်စိုးလွင်က ရန်အောင်မြင်ကျေးရွာအုပ်စု ရွာမကျေးရွာတွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောရာ ဒေသခံ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

# မြောက်ကိုရီးယား၏ ကမ်းခြေအပန်းဖြေစခန်းကြီးတည်ဆောက်မှု ပြီးစီးလုနီးပါးရှိပြီဟုဆို

**ပြုံယမ်း ဇန်နဝါရီ ၁၇**
မြောက်ကိုရီးယားနိုင်ငံ၏ ကြီးမားသော ပင်လယ်ကမ်းခြေအပန်းဖြေစခန်းကြီးတစ်ခု တည်ဆောက်နေမှုများမှာ ပြီးစီးရန် နီးကပ်လာပြီဖြစ်ကြောင်း အမေရိကန်၏ စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ ဂြိုဟ်တုမှ ရိုက်ကူးရရှိသည့်ဓာတ်ပုံများက ယင်းပင်လယ်ကမ်းခြေအပန်းဖြေစခန်းအား အရှိန်အဟုန်ဖြင့် တိုးတက်နေမှုများကို ပြသနေကြောင်းနှင့် လတ်တလောတွင် ရေလွှာလျှောစီးနေရာများနှင့် ရုပ်ရှင်ရုံတစ်ရုံတို့ကို တည်ဆောက်နေကြောင်း ဆိုသည်။

ပင်လယ်ကမ်းခြေ၏ ကမ်းမြောင်ဒေသဖြစ်ပြီး ဝန်ဆန်ကယ်လ်မာအမည်ဖြင့် လူသိများသည့် ကမ်းရိုးတန်းဒေသသည် မြောက်ကိုရီးယားနိုင်ငံ၏ အရှေ့ဘက်ကမ်းခြေဒေသနှင့် လေယာဉ်ကွင်းသစ်တစ်ခု အကြား၌ ကမ္ဘာလှည့်ခရီးသွားဒေသတစ်ခုအဖြစ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ယင်းဒေသသည် ယခင်က မြောက်ကိုရီးယား အမြောက်တပ်ဖွဲ့များ၏ စစ်ရေးလေ့ကျင့်မှုများနှင့် ပွဲထိန်းဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ရာနေရာဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူလက်နက် အစီအစဉ်များကြောင့် နိုင်ငံတကာမှ အရေးယူပိတ်ဆို့မှုများ ချမှတ်ခံနေရစဉ်အတွင်း နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ၎င်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ခဲ့ပုံရကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် နှစ်စဉ်နိုင်ငံခြားသား ခရီးသွားဦးရေ ၁၀၀၀၀၀ ခန့် လက်ခံရရှိမည်ဟု ခန့်မှန်းရပြီး ယင်းခရီးသွားဦးရေ၏ အကြီးမားဆုံးပမာဏမှာ တရုတ်နိုင်ငံသားများဖြစ်ကြောင်း ခရီးသွားလုပ်ငန်း၏ သတင်းရင်းမြစ်များအရ သိရသည်။ သို့သော် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်းနိုင်ငံသို့ လာရောက်သည့် ခရီးသွားဦးရေပမာဏကို တရားဝင်ထုတ်ဖော်ကြေညာခြင်းမရှိပေ။

ယင်းအပန်းဖြေစခန်း တည်ဆောက်မှုလုပ်ငန်းများအား မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အနီးကပ် ကြီးကြပ်ကွပ်ကဲခဲ့ပြီး စခန်းဖွင့်ပွဲအခမ်းအနားကို ယခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည်ဟု ကြေညာခဲ့သည်။ ယင်းအချိန်အခါသည် မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရအလုပ်သမားပါတီ ထူထောင်သည့် (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခါသမယဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**



မြောက်ကိုရီးယား၏ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းကြီးအား ဝေဟင်မှ တွေ့ရစဉ်။

# ၁၄ ကြိမ်မြောက် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည်

**တိုကျို ဇန်နဝါရီ ၁၇**
၂၀၁၉ ခုနှစ် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျီ-၂၀ စီးပွားရေးဝန်ကြီးဌာနနှင့် ဗဟိုဘဏ်များမှ တာဝန်ရှိသူများက ကမ္ဘာ့စီးပွားရေးဆိုင်ရာ ပြဿနာများကို တိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဂျပန်စီးပွားရေးဝန်ကြီး တာရိုအာဆိုက ၂၀၁၉ ခုနှစ် ဂျီ-၂၀ အစည်းအဝေးကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ကမ္ဘာ့စီးပွားရေးဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ကောင်းများ ထွက်ပေါ်မှုနှင့်ပတ်သက်ပြီး ပြောကြားခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် ကုန်သွယ်ရေးပဋိပက္ခကို ၁၄ ကြိမ်မြောက် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် အပြီးသတ် စေ့စပ်ညှိနှိုင်းစေလိုကြောင်း ဂျပန်တာဝန်ရှိသူများက ဆိုသည်။

အစည်းအဝေးတွင် နိုင်ငံအများအပြား ရင်ဆိုင်နေရသည့် နည်းပညာကုမ္ပဏီများအတွက် အခွန်အခကောက်ခံမှုနှင့် သက်ကြီးရွယ်အိုများအတွက် စီစဉ်ဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းကောင်းများကို ဦးစားပေး ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

၁၄ ကြိမ်မြောက် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ဇွန် ၂၈ နှင့် ၂၉ ရက်တို့တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# တောင်ကိုရီးယား ငါးဖမ်းသင်္ဘောတစ်စင်း မီးလောင်၍ တစ်ဦးသေ၊ တစ်ဦးပျောက်ဆုံး

**ဆိုးလ် ဇန်နဝါရီ ၁၇**
တောင်ကိုရီးယားရေပိုင်နက် အနောက်တောင်ဘက် ကမ်းရိုးတန်းရေပြင်တွင် ကိုရီးယားငါးဖမ်းသင်္ဘောတစ်စင်း မီးလောင်ခဲ့သဖြင့် ဗီယက်နမ်လူမျိုးသင်္ဘောသားတစ်ဦး သေဆုံးပြီး တရုတ်လူမျိုးသင်္ဘောသားတစ်ဦး ပျောက်ဆုံးနေသည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များ၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟတ်သတင်းဌာနက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

အလေးချိန် ၈၅ တန်ရှိသည့် အဆိုပါသင်္ဘောသည် ဂိုဟောင်နှင့် တောင်ဂျိုလာပြည်နယ် ရေပိုင်နက်တွင် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၆ မိနစ်တွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်အရွယ် တရုတ်သင်္ဘောသားတစ်ဦး ပျောက်ဆုံးနေပြီး အသက် ၂၃ နှစ်အရွယ် ဗီယက်နမ်သင်္ဘောသားတစ်ဦးအား သင်္ဘောပဲ့ပိုင်း၏ အိမ်သာအတွင်း သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တရုတ်သင်္ဘောသားသည် မီးလောင်မှုဖြစ်ပွားစဉ် ရေထဲသို့ခုန်ချ၍ အသက်ရှင်လွတ်မြောက်သွားသည်ဟု ယူဆရသည်။ ကမ်းခြေစောင့်တပ်ဖွဲ့များက ကင်းလှည့်ရေယာဉ် ငါးစင်းနှင့် ပုဂ္ဂလိကပိုင် ကယ်ဆယ်ရေးသင်္ဘော ရှစ်စင်းအသုံးပြုကာ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးလောင်ဒဏ်ရာရထားသည့် အခြားဗီယက်နမ်သင်္ဘောသားတစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ထားသည်။ ကျန်သင်္ဘောသားများမှာ အနီးအနားရှိ သင်္ဘောတစ်စင်း၏ အကူအညီဖြင့် မီးလောင်မှုမှ လွတ်မြောက်ခဲ့သည်။

အဆိုပါမီးလောင်မှုကို ကမ်းခြေစောင့်တပ်ဖွဲ့များက တစ်နာရီကြာ ငြိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားခြင်း၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားမြောက်ပိုင်းတွင် အသေခံဗုံးခွဲတိုက်ခိုက်၊ အမေရိကန်စစ်သည်များအပါအဝင် ၁၀ ဦး သေဆုံး

**ဒမတ်စကတ် ဇန်နဝါရီ ၁၇**
ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သည် လေးဦးအပါအဝင် ၁၀ ဦးကျော် သေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။

ယင်းအသေခံဗုံးခွဲတိုက်ခိုက်မှုအား ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ကြေညာခဲ့သည်။

ဆီးရီးယားနိုင်ငံ မြောက်ဘက်ပိုင်းရှိ မန်ဘစ်ဂျ်မြို့တွင် ဇန်နဝါရီ ၁၆ ရက်က အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အသေခံဗုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူ ၁၀ ဦးကျော် သေဆုံးခဲ့ကြောင်း ပြောကြားသည်။

စစ်သည်နှစ်ဦး အပါအဝင် စစ်ဘက်မှ တပ်ဖွဲ့ဝင်လေးဦး အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးပြီး အခြားစစ်သည် သုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အလယ်ပိုင်းဒေသ အမေရိကန်စစ်ဌာနချုပ်မှ ထုတ်ပြန်သည့် ကြေညာချက်တွင် အတည်ပြုဖော်ပြသည်။

ဆီးရီးယားနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ စတင်ဖြန့်ကြက်ခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းကစ၍ ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက်အများဆုံး တိုက်ခိုက်မှုဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



# ဆီးရီးယား၌ စစ်ဘက်အကြံပေးနှင့် လက်နက်ကြီးများ ဆက်ထားရှိမည်ဟု အီရန်စစ်ဦးစီးချုပ် ပြောကြား

**တီဟီရန် ဇန်နဝါရီ ၁၇**
အစ္စရေးနိုင်ငံ၏ ခြိမ်းခြောက်မှုများရှိနေလင့်ကစား ၎င်း၏စစ်ဘက်အကြံပေးများနှင့် လက်နက်ကြီးများကို ဆီးရီးယားနိုင်ငံတွင် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာရ်ဂျီစီ)စစ်ဦးစီးချုပ်က ပြောကြားသည်ဟု အီရန် ပရက်စ်တီဗွီရုပ်မြင်သံကြားသတင်းဌာနက ဇန်နဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

## ကာကွယ်ပေးသွားမည်

ဆီးရီးယားနိုင်ငံအတွင်းရှိ ပြည်သူများနှင့် အစ္စလာမ့်ဝါဒီများအား ခုခံကာကွယ်နေသည့် တိုက်ခိုက်ရေးသမားများအား အထောက်အကူပေးရေးအတွက် ဆီးရီးယားနိုင်ငံတွင်း၌ ဖြန့်ကြက်ထားသည့် စစ်ဘက်ဆိုင်ရာအကြံပေးအားလုံးနှင့် စစ်လက်နက် ကိရိယာများအား မိမိတို့အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း အိုင်အာရ်ဂျီစီ တပ်ဖွဲ့ စစ်ဦးစီးချုပ် မိုဟာမက်အလီဂျာဖာရီ၏ ပြောကြားချက်ကို ပရက်စ်တီဗွီက ကိုးကားဖော်ပြသည်။

## ခြိမ်းခြောက်မှုများဖြစ်

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ခြိမ်းခြောက်မှုအသစ်မှာ ရယ်မောဖွယ်ရာကောင်းသော ခြိမ်းခြောက်မှုသာဖြစ်ပြီး မိမိတို့အတွက် အဓိပ္ပာယ်မရှိကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့စစ်ဦးစီးချုပ်က တုံ့ပြန်ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံတွင်းရှိ အီရန်တပ်ဖွဲ့များ အလျင်အမြန်ထွက်ခွာသွားရန် အစ္စရေးဝန်ကြီးချုပ်က ဇန်နဝါရီ ၁၅ ရက်တွင် တောင်းဆိုခဲ့ပြီး သို့မဟုတ်ပါက အစ္စရေးက တိုက်ခိုက်မှုကို ရပ်တန့်လိမ့်မည်မဟုတ်ဟု ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## သတင်းပဒေသာ သိမှတ်ဖွယ်ရာ

### တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးကျင်းပမည်

ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားလွှတ်တော်ရှေ့နေများကောင်စီ၏ အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၉) ကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသွားမည်ဖြစ်ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး တက်ရောက်အမှာစကား ပြောကြားမည် ဖြစ်ကြောင်းသိရသည်။ **မောင်မောင်မျိုး**

### "ထာဝရထက်နှစ်ဆ" ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၁၈ ရက်တွင်စတင် ပြသမည်

ဖိုးသူတော်ရုပ်ရှင်ထုတ်လုပ်ရေး၏ "ထာဝရထက်နှစ်ဆ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအဖြစ် ဇန်နဝါရီ ၁၄ ရက် ညပိုင်းက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီး များတွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် မင်းမော်ကွန်း၊ မြင့်မြတ်၊ ရွှေမှုံရတီ၊ ငွေမှုံရတီ၊ ဇင်ဝိုင်း၊ ရန်ကျော်၊ မေသဥ္ဇာဦး ၊ ဧည့်သည်သရုပ်ဆောင် ကျော်ကျော်၊ ပြေဇင်၊ သီရတီနှင့် အနုပညာရှင်များစွာပါဝင်ထားပြီး ရှေးရိုးစွဲအစဉ်အလာများနှင့်အတူ မိဘနှင့်သားသမီး အကြားဖြစ်တတ်သည့် အကြောင်းအရာများကို ပုံဖော်ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကား ကြီးဖြစ်သည်။ **ဇော်ကြီး**

### SEAVFC ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပမည်

Southeast Asia Video Festival For Children (SEAVFC) ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (A) ၌ ကျင်းပသွားမည်ဖြစ်သည်။ **မောင်မောင်မျိုး**

### မြို့ပြဆိုင်ရာအင်ဂျင်နီယာနည်းပညာများဟောပြောမည်

စင်ကာပူနိုင်ငံရောက် မြန်မာအင်ဂျင်နီယာများက မြို့ပြဆိုင်ရာ နည်းပညာအတွေ့အကြုံ များ ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅နာရီအထိ ရန်ကုန် နည်းပညာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ပဥ္စမအကြိမ်မြောက် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲကျင်းပမည်

ပဥ္စမအကြိမ်မြောက် ယောမင်းကြီးဇရပ် စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ပညာရှင် ကိုးဦးက ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

### စွန့်ပစ်ရေ စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စက်မှုဇုန်များ စွန့်ပစ်ရေစီမံခန့်ခွဲမှု နည်းပညာတိုးတက်လာစေရန် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၉နာရီတွင် ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **မြင့်စိုး**

### ယွန်းပညာကောလိပ် (ပုဂံ)၌ မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲကျင်းပမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာန ယွန်းပညာကောလိပ်(ပုဂံ)၌ မြန်မာ့ယွန်းလက်မှုအနုပညာပြပွဲကို ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် ပုဂံ-ညောင်ဦးဒေသရှိ ယွန်းလုပ်ငန်းရှင်ကြီးများ၊ ယွန်းပညာရှင်များ၊ ယွန်းပညာကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများပြုလုပ်ထားသည့် ယွန်းထည်ပစ္စည်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး လက်ပန်းချီရေးခြယ်ခြင်း၊ ဝါးအဖြူထည်၊ ပန်းပုထည်၊ ပုသိမ်ထီး၊ ပုဂံထီး၊ ဒေသထွက်အဝတ်အစားများ၊ သဲပန်းချီများ ခင်းကျင်းပြသရောင်းချခြင်းများဖြင့် ယွန်းပညာပြပွဲကိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွား မည်ဖြစ်ကာ ယွန်းပြတိုက်နှင့် ယွန်းနည်းစဉ်ခန်းမအတွင်း ရှေးဟောင်းယွန်းထည်ပစ္စည်းများ နှင့် ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်သရုပ်ပြမှုတို့ကို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရ သည်။ **ကိုထိန်(ငါ့သရောက်)**

## ဟီဂူအင်အားခေါ်ယူရန် ချယ်လ်ဆီးအသင်း သဘောတူညီမှုရရှိထားဟုဆို




ချယ်လ်ဆီးအသင်းသည် ဟီဂူအင်၏ ဇန်နဝါရီအပြောင်းအရွှေ့အပေါ် ဂျူဗင်တပ် အသင်းနှင့် သဘောတူညီမှုရရှိထားခဲ့ကြောင်း၊ အေစီမီလန်အသင်းနှင့် အငှားစာချုပ်ကို လည်း ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း ဂိုးဒေါ့လ်ကွန်းက သတင်းဖော်ပြထားသည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်းအနေဖြင့် ပြောင်းရွှေ့ကြေး ပေါင် ၃၂ ဒသမ ၅ သန်း(ယူရို ၃၆ သန်း)ပေး၍ ခေါ်ယူမည်ဟုလည်း ဆို သည်။

တိုက်စစ်မှူး ဟီဂူအင်သည် ချယ်လ်ဆီး အသင်းသို့ ပြောင်းရွှေ့လာမည်ဆိုပါက ဟီဂူအင် နှင့် ချယ်လ်ဆီးအသင်းနည်းပြ ဆာရီတို့ သည် ပြန်လည်ပေါင်းစည်းခြင်းဟုဆိုရမည် ဖြစ်ပြီး နည်းပြဆာရီ နာပိုလီအသင်းတွင် ကိုင်တွယ် စဉ်က ဟီဂူအင်နှင့် လက်တွဲခဲ့ဖူးခြင်းကြောင့် ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဟီဂူအင်အား ခေါ်ယူရန် စီစဉ်ထားသည့်အပြင် ဘတ်ရှူ ယာယီကို ပြန်လည်ရောင်းချလိမ့်မည်ဖြစ်ပြီး အဆိုပါကစားသမားကို ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀(အမေရိကန်ဒေါ်လာ ၅၁ သန်း) ဖြင့် ရောင်းချရန် စီစဉ်ထားကြောင်း သိရ သည်။

လက်ရှိတွင် ဘတ်ရှူယာယီကို မိုနာကိုအသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက် ရှိကြောင်းသိရသည်။ ချယ်လ်ဆီးအသင်း သည် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ် နေရာတွင် ဇင်းနစ်ကွင်းလယ်ကစားသမား လန်ဒရိုပါရီဒက်စ်ဖြင့် အစားထိုးမည်ဖြစ်ပြီး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ဆိုသည်။




## အက်သလက်တီကိုမက်ဒရစ်အသင်းက မိုရက်တာကို ပေါင် ၄၅ သန်းဖြင့် ခေါ်ယူမည်

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်မှူး မိုရက်တာကို ခေါ်ယူသွားမယ်လို့ ဆိုပါတယ်။ မိုရက်တာ ဟာ လွန်ခဲ့တဲ့နှစ်နှစ်က ချယ်လ်ဆီးအသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ ကြေးဖြစ်တဲ့ပေါင် သန်း ၇၀ နဲ့ ရီးယဲလ်မက်ဒရစ်အသင်းကနေ ခေါ်ယူခဲ့တာဖြစ်ပါတယ်။

အဲဒီလို ပေါင်သန်း ၇၀ ပေးပြီး ချယ်လ်ဆီးအသင်းက ခေါ်ခဲ့ ရပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ပေါင် ၄၅ သန်းနဲ့ ခေါ်ယူမယ်လို့ ဈေးနှုန်းသတ်မှတ်ထားပါတယ်။

မိုရက်တာအနေနဲ့ကလည်း မွေးရပ်မြေဖြစ်တဲ့ စပိန်နိုင်ငံကို ပြန်လည်သွားရောက်ကစားဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ စပိန် ကြယ်ပွင့် မိုရက်တာဟာ ချယ်လ်ဆီးအသင်းက နယူးကာဆယ် အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ပါဝင်ကစားခွင့် မရရှိခဲ့ပါဘူး။ မိုရက်တာဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ဆီဗီလာ အသင်းနဲ့ ဘာစီလိုနာအသင်းတို့သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက် မှုတွေပြုလုပ်ခဲ့ပေမယ့် လက်ရှိမှာတော့ သူ့ရဲ့လူငယ်ကစားသမားဘဝ က ကစားခဲ့တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို ပြောင်းရွှေ့ မယ်လို့ သတင်းတွေထွက်လာပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ တိုက်စစ်မှူး ဒီယေဂိုကော်စတာကို အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ပြန်လည်ရောင်းချပြီးနောက် မိုရက်တာကို ခေါ်ယူခဲ့တာဖြစ်ပေမယ့် လက်ရှိမှာ မိုရက်တာကို ပြန်လည်ရောင်းချတော့မှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စာနယ်ဇင်း) ၀၅၄/၀၇၁၃



၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀

# ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ရှမ်းကုန်းကျေးရွာမီးလင်းရေး ကိစ္စဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးပြကာ ငွေကြေးတောင်းခံခဲ့သော စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်အား အရေးယူပေးပါရန် နစ်နာသူများက ဤကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်သည် ရှမ်းကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် အထက်ဌာန၏ ခွင့်ပြုချက်မရှိဘဲ ရှမ်းကုန်းကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းအား ငွေကျပ် သိန်း ၁၂၀ ဖြင့် ကန်ထရိုက်လုပ်ငန်းသဖွယ် လက်ခံဆောင်ရွက်ခဲ့ပြီး ရှမ်းကုန်းကျေးရွာမီးလင်းရေးကော်မတီမှ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ်အတွင်း ငွေကျပ် ၃၅၀၀၀၀ဝိ/-(ကျပ်သုံးသိန်းငါးသောင်းတိတိ)အား သုံးကြိမ်ခွဲ၍ တောင်းခံရယူခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်တွင် 11KV ဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်ယူရန်အတွက် လမ်းခရီးစရိတ်ငွေကျပ် ၁၀၀၀၀၀ိ/-၊ 11KV ဓာတ်အားလိုင်းအတွက် အစိုးရချထားပေးသော ဘတ်ဂျက်နှင့် မလုံလောက်ကြောင်း အကြောင်းပြ၍ ငွေကျပ် ၅၀၀၀၀၀ိ/-တို့ကို ထပ်မံတောင်းခံရယူခဲ့ခြင်းနှင့် 11KV ဓာတ်အားလိုင်း တည်ဆောက်ရာတွင် ပန်းရန်ခ ၇၅၀၀၀ိ/-အား ကျေးရွာမီးလင်းရေးကော်မတီအား ကျခံစေခဲ့ခြင်းတို့သည် ရာထူးတာဝန်အရ ပေးအပ်သော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုများ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မင်းလှမြို့နယ် စစ်ကွင်းမြို့ လျှပ်စစ်မှူး ဦးဝင်းဗိုလ်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ မင်းလှမြို့နယ် စစ်ကွင်းနယ်မြေရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# AA သောင်းကျန်းသူအဖွဲ့၏ ယာယီစခန်းတစ်ခုကို တပ်မတော်က သိမ်းပိုက်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် သရက်ပြင်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာရှိ AA သောင်းကျန်းသူအဖွဲ့၏ ယာယီစခန်းတစ်ခုကို ယမန်နေ့ နံနက်ပိုင်းက တပ်မတော်စစ်ကြောင်းက တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းတစ်ကြောင်းက AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၅၀ ခန့် ယာယီအခြေပြုနေသည့်စခန်းတစ်ခုကို တွေ့ရှိရသဖြင့် ထိတွေ့တိုက်ခိုက် သိမ်းပိုက်ခဲ့ကြောင်း၊ ထိုသို့ထိတွေ့တိုက်ခိုက်ရာတွင် တပ်မတော်စစ်ကြောင်းဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ AA သောင်းကျန်းသူအဖွဲ့မှ အလောင်းငါးလောင်း၊ အမ် (၂၂)သေနတ်တစ်လက်၊ အမ်(၁၄) သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ၊ တစ်ယောက်ပစ်ကျင်း ၅၀၊ နှစ်ယောက် ပစ်ကျင်းငါးကျင်းတို့ကို သိမ်းပိုက်ရရှိခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် AA သောင်းကျန်းသူနှိမ်နင်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**




# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆၆ စီး၊ သွင်းကုန် ၇၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၇၄၆ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၇ သန်း) စုစုပေါင်းတားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၄၆ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Mitsubishi Pajero IO ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့တွင် စကားများရန်ဖြစ်ရာမှ ဓားဖြင့်ထိုး၍ သေဆုံး

**ပျဉ်းမနား ဇန်နဝါရီ ၁၇**

ပျဉ်းမနားမြို့ ဥယျာဉ်စုအုပ်စု ဦးကျေးရပ်တွင် ဇန်နဝါရီ ၁၆ ရက် ညက အရက်အတူသောက်ရာမှ စကားများပြီး ဓားဖြင့်ထိုးရာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီခွဲက ဟိန်းအောင်ညိုနှင့် သန့်ဇင်ဦးတို့သည် တစ်ရွာတည်းရှိ ဒေါ်အမာဌေး၏နေအိမ်တွင် အရက်အတူသောက်ရာမှ စကားများ ရန်ဖြစ်ပြီး ဟိန်းအောင်ညိုအား သန့်ဇင်ဦးက ဓားဖြင့်ထိုးသဖြင့် ဟိန်းအောင်ညို၏ ဝဲဘက် ညှပ်ရိုးအောက် ပြတ်ရှစူးဝင်ဒဏ်ရာသုံးချက်၊ ဝဲဘက်ကျောပြင်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့ ရရှိပြီး သေဆုံးခဲ့သဖြင့် ပျဉ်းမနားမြို့မရဲစခန်းက သန့်ဇင်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် အမျိုးသားတစ်ဦး ရထားတိုက်၍ သေဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံခုံးတံတားအောက် တိုးကြောင်လေးဘူတာနှင့် ငမိုးရိပ်ဘူတာကြား ရန်ကုန်- မန္တလေးရထားလမ်းတွင် ယမန်နေ့ ညပိုင်းက အမျိုးသားတစ်ဦး ရထားတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၆ ရက် ည ၉ နာရီခန့်က တိုးကြောင်လေးဘူတာနှင့် ငမိုးရိပ်ဘူတာကြား မိုင်တိုင်အမှတ် ၆/၁၀ နှင့် ၆/၁၁ ကြားတွင် ရထားလာရာဘက်သို့ ကျောခိုင်း၍ လမ်းလျှောက်နေသူ မိုးအောင်(လျှပ်စစ်ဝင်း) ပင်လုံအိမ်ရာ အပိုင်း(၄) ၂၇ ရပ်ကွက် ဒဂုံ(မြောက်)မြို့နယ်နေသူအား မန္တလေးမှ ရန်ကုန်သို့ စက်ခေါင်းမောင်း ဦးနိုင်အောင်မိုး မောင်းနှင်လာသည့် ရန်ကုန်-မန္တလေး အမှတ်(၁၂)အစုန်ရထားက ဝင်တိုက်မိရာ သေဆုံးသွားသဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

Topsyne® Herbal Cream

အစိမ်းရောင်ဘူးသစ်(သီးသန့်)ကံစမ်းမဲပေါက်သူစာရင်း




သုံးစွဲသူ ကျပ်(၁၀)သိန်းဆု
(၁) ဒေါ်ကေဇင်အောင် (မှတ်ပုံတင်အမှတ် - ၇/တငန(နိုင်)၁၄၁၂၃၂)

သုံးစွဲသူ ကျပ်(၃)သိန်းဆု
(၁) မသီသီဝင်း (မှတ်ပုံတင်အမှတ် - ၉/အမဇ(နိုင်)၀၂၈၈၈၇)

သုံးစွဲသူ ကျပ်(၂)သိန်းဆု
(၁) မခင်ဝင်းမာ (မှတ်ပုံတင်အမှတ် - ၈/ဆဖန(နိုင်)၀၆၉၆၁၄)

သုံးစွဲသူ ကျပ်(၁)သိန်းဆု
(၁) မအေးအေးခိုင် (မှတ်ပုံတင်အမှတ် - ၈/အလန(နိုင်)၁၁၇၆၀၉)
(၂) ဒေါ်သိန်းသိန်းဆွေ (မှတ်ပုံတင်အမှတ် - ၁၄/ပသန(နိုင်)၀၁၇၂၂၉)
(၃) မဇင်မာအောင် (မှတ်ပုံတင်အမှတ် - ၉/သေရ(နိုင်)၀၀၇၀၉၉)
(၄) မသက်ဇွန် (မှတ်ပုံတင်အမှတ် - ၉/တကန(နိုင်)၁၆၈၁၂၇)
(၅) ဒေါ်မြင့်မြင့် (မှတ်ပုံတင်အမှတ် - ၁၂/ကမတ(နိုင်)၀၁၀၅၅၄)

ဆုမဲထုတ်ရန်လိပ်စာ
အမှတ် (အေ-၂၉)၊ ဦးဝိစာရလမ်း၊
၃၄တိုးချဲ့ရပ်ကွက်၊
မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
၀၉ - ၄၂၉ ၃၁၆ ၄၀၈

ဆုမဲများကို
(၁၅. ၁. ၂၀၁၉ မှ ၁၅. ၂. ၂၀၁၉ အထိ)
ရုံးဖွင့်ရက် ရုံးချိန်အတွင်း မှတ်ပုံတင်မူရင်းနှင့်အတူ
လူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ပါသည်။

ရောင်းချသူ ကျပ်(၅)သိန်းဆု
(၁) ဒေါ်ဝင်းဝင်းမေ (မှတ်ပုံတင်အမှတ် - ၁၂/လသန(နိုင်)၀၁၆၉၈၄)

ရောင်းချသူ ကျပ်(၃)သိန်းဆု
(၁) ဒေါ်သန်းမြထွန်း (မှတ်ပုံတင်အမှတ် - ၉/မနမ(နိုင်)၁၂၂၆၇၀)

ရောင်းချသူ ကျပ်(၂)သိန်းဆု
(၁) ဒေါ်ကျင်ယုံ (မှတ်ပုံတင်အမှတ် - ၁၂/ပဇတ(နိုင်)၀၂၇၄၈၀)
(၂) ဒေါ်သိန်းသိန်း (မှတ်ပုံတင်အမှတ် - ၁၃/ကမန(ဧည့်)၀၀၀၂၁၁)

ရောင်းချသူ ကျပ်(၁)သိန်းဆု
(၁) ဦးသိန်းလွင် (မှတ်ပုံတင်အမှတ် - ၉/မနမ(နိုင်)၀၃၃၁၂၅)
(၂) ဒေါ်စန်းစန်းအေး (မှတ်ပုံတင်အမှတ် - ၉/မနမ(နိုင်)၀၃၃၁၃၂)
(၃) ဒေါ်လေးကြည် (မှတ်ပုံတင်အမှတ် - ၆/မအရ(နိုင်)၀၃၉၄၁၂)

အငြင်းပွားဖွယ်ကိစ္စများဖြစ်လာလျှင်ကုမ္ပဏီ၏ဆုံးဖြတ်ချက်သာအတည်ဖြစ်သည်။

# သာယာလှပသော မြို့ထန်တလန်၏ အဖိုးတန် သီကီရ်ရေလှောင်တမံ

## မင်းလပြည့်(ဟားခါး)



ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင်ရှိပြီး တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းကဲ့သို့ ရေအလျဉ်စီးနေသော မြစ်ပြင်ကျယ်ကြီးများမရှိသော်လည်း ချင်းပြည်နယ်တွင် ဖြူဖွေးသန့်ရှင်းသော သဘာဝတောင်ကျရေများ၊ ချောင်းရေများ စီးဆင်းလျက်ရှိပါသည်။ ထိုသန့်ရှင်းသော ရေကို စုစည်းစနစ်တကျအသုံးချမှသာ တန်ဖိုးရှိသော ရေကောင်းရေသန့်များ သုံးစွဲရရှိနိုင်မည်ဖြစ်ပါသည်။

**ဖူလုံစွာသုံးစွဲနိုင်မည်**

ယနေ့နိုင်ငံတော်အစိုးရသည် တိုင်းဒေသကြီးများ၊ ပြည်နယ်များ ဆင်းရဲ၊ ချမ်းသာကွာဟမှုကျဉ်းမြောင်းစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ အလားတူပင် ဖွံ့ဖြိုးမှုအားယူလျက်ရှိသော ချင်းပြည်နယ်ကိုလည်း လျစ်လျူမရှုခဲ့၊ လမ်း၊ တံတား၊ အဆောက်အအုံ၊ မြစ်ကူးတံတား၊ လေယာဉ်ကွင်း၊ ရေလှောင်တမံ တည်ဆောက်ရေးမှအဆုံး ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဖလမ်းမြို့ရှိ လိုင်ဗားဆည်ကို နမူနာပြလိုပါသည်။ အဆိုပါဆည်ရေကြောင့် လယ်မြေများသို့ ရေပေးဝေခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးခြင်းရှိသကဲ့သို့ အလားတူ ဆည်များ၊ ရေလှောင်တမံများတည်ဆောက်ပါက တောင်ပေါ်ဒေသတိုင်းရင်းသားများအတွက် တောင်တန်းပေါ်တွင် ရေရှားပါးမှုမရှိဘဲ ရေကိုဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ပါသည်။ သာယာလှပသော ထန်တလန်မြို့သို့ အလည်သွားစဉ် သီကီရ်ရေလှောင်တမံသို့လည်း သွားရောက်ခဲ့ပါသည်။

ဟားခါးမြို့မှ ထန်တလန်မြို့သို့ ၂၂ မိုင်ဝေးကွာပြီး ထန်တလန်မြို့ကားပူနွေး၍ ဟားခါးမြို့လောက်မအေး၊ ရာသီဥတု သမမျှတသော မြို့တစ်မြို့ဖြစ်သည်။ လှပသောတောင်ကုန်းများ၊ ချင်းပြည်နယ်၏ သန့်ရှင်းသပ်ရပ်သောမြို့ဖြစ်ကြောင်း သိရှိရပါသည်။ မြို့အဝင်တွင် မချမ်းသာသော်လည်း ပျော်ပါသည် (Not rich but happy) ဟု ဆိုင်းဘုတ်ရေးသားထားသည်။ တင်းတိမ်ရောင့်ရဲသော ချင်းတိုင်းရင်းသားတို့၏ စိတ်ထားကို သိရှိခွင့်ရခဲ့ပါသည်။ စိတ်ကျေနပ်မိပါသည်။ ဆက်လက်၍ သီကီရ်ရွာသို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ သီကီရ်ရေလှောင်တမံစီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးခင်ဇော်လည်း ပါရှိလာသည်။ ဟရိန်ခမ်းရွာသို့ ရောက်လာခဲ့သည်။ လတ်ဆတ်သော ချင်းကြက်ဥပြုတ်၊ အရသာကောင်းသော လိမ္မော်သီးများဖြင့် နာမည်ကြီးသောရွာဖြစ်သည်။ ဟရိန်ခမ်းရွာ၏ ဘယ်ဘက်လမ်းမှသွားလျှင် သီကီရ်ရွာသို့ရောက်ပြီး ညာဘက်လမ်းမှသွားလျှင် အိန္ဒိယနှင့် မြန်မာနယ်စပ်ဒေသ ဆာစီချောက်လမ်းသို့ ရောက်ရှိပါသည်။ ကျွန်တော်တို့က သီကီရ်ရွာလမ်းကို ရွေးချယ်ပါသည်။ ဟရိန်ခမ်းရွာမှ တစ်နာရီခန့်ကြာသောအခါ သီကီရ်ရွာသို့ ရောက်ရှိလာသည်။ သီကီရ်ရွာကုန်းမြင့်ပေါ်မှ ကြည့်လိုက်လျှင် လှပသော သီကီရ်ရေလှောင်တမံကို တွေ့ရှိရပါသည်။ ရေလှောင်တမံအနီးတွင် တည်းခိုရန် အဆောက်အအုံများက အဆင့်မြင့်သစ်လွင်လှပသည်။

**စံချိန်စံညွှန်းမီ ပြီးစီး**

သီကီရ်ရွာရေလှောင်တမံ ဆောက်လုပ်ရခြင်း ရည်ရွယ်ချက်ကို မေးကြည့်မိသည်။ သီကီရ်ချောင်းရှိ ရေအားအသုံးပြုပြီး စိုက်ပျိုးမြေဧက ၅၅၀ ခန့်အား ဖော်ထုတ်၍ ရေပေးဝေနိုင်ရန်၊ ရေအားလျှပ်စစ် ၅၀ ကီလိုဝပ်ထုတ်လုပ်၍ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန်၊ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းစိုပြည်လာစေရန်ဟူသော ရည်ရွယ်ချက်ကောင်းများဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲများ ချင်းပြည်နယ်အပေါ်ထားရှိသော စိတ်ကောင်းစေတနာများနှင့် အမြန်ဆုံးတိုးတက်ဖွံ့ဖြိုးရေးဦးဆောင်လမ်းညွှန်မှုများအရ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုများနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၃)မှ အင်ဂျင်နီယာဝန်ထမ်း ၁၅ ဦး၊ စက်ယန္တရားအစီး ၄၀ ခန့်၊ လုပ်သားအင်အား ၂၀၀ ခန့်ဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှစ၍ တမံတည်ဆောက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လမ်းပန်းဆက်သွယ်ရေးကြန့်ကြာခက်ခဲစေခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်း၊ တည်ဆောက်ရေးပစ္စည်းများရှားပါး၍ အလုပ်လုပ်ချိန်နည်းပါးသော ရာသီတွင် စီမံကိန်းစတင်သော်လည်း ခေါင်းဆောင်နှင့် ဝန်ထမ်းများအားလုံး၏ ညီညာတက်ကြွသော ကြိုးပမ်းအားထုတ်မှုကြောင့် အခက်အခဲများကြားမှ စံချိန်စံညွှန်းမီ ပြီးစီးစွာဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ သီကီရ်ချောင်းမှရေများကို အကျိုးရှိရှိအသုံးပြုရန် မြေသားတမံပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

> ❛ သီကီရ်ရွာတွင် အထက်တန်းကျောင်း ဆောက်လုပ်လျက်ရှိခြင်းအပြင် ခုတင်(၁၀၀)ဆံ့ဆေးရုံကိုလည်း တည်ဆောက်လျက်ရှိသဖြင့် သီကီရ်ရွာနှင့် ပတ်ဝန်းကျင်ရွာများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်၊ တောင်ပေါ်ကျေးရွာများမှာ ဝေးကွာလျက်ရှိသည့်အပြင် လူဦးရေတိုးပွားလာသဖြင့် ရေလိုအပ်ချက် အမှန်ရှိနေမည်၊ သီကီရ်ရေလှောင်တမံစီမံကိန်းမျိုးကဲ့သို့ ချောင်းပိတ်၊ ဆည်ပိတ်၊ မြောင်းပိတ် ဆက်လက်ဆောင်ရွက်သွားပါက ဒေသခံပြည်သူတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ရေလိုအပ်ချက်များလည်း ပြည့်မီဖူလုံလာမည်ဖြစ် ❜

**ထုတ်လုပ်ရောင်းချနိုင်တော့မည်**

သီကီရ်ရေလှောင်တမံကား အလျား ပေ ၅၀၀၊ တမံအမြင့် ၇၅ ပေရှိပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ ၄၂ ဧက၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၆၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၃၆၅ ဧကပေရှိသည်။ ရေထုတ်ပြွန်ရှိပြီး ရေထုတ်ပြွန်အလျား ၃၆၅ ပေ၊ ရေထုတ်ပြွန်အမျိုးအစားမှာ အချင်း သုံးပေ၊ GRP (Glass Fibre Reinforced Pipe) အမျိုးအစားကို အသုံးပြုထားသည်။ OgeeType ရေပိုလွှဲအမျိုးအစားဖြစ်ပြီး ရေပိုလွှဲအလျားမှာ ၄၁၅ ပေဖြစ်ကာ ရေပိုလွှဲအကျယ်မှာ ပေ ၂၀ ဖြစ်၍ သင့်တင့်သောအရွယ်အစားဖြစ်ကြောင်း ရှင်းပြကြပါသည်။

ရေဆင်းဧရိယာ ၁ ဒသမ ၁၀ စတုရန်းမိုင်ရှိပြီး ဆည်ရေပေးဝေမည့်ဧရိယာမှာ ဧက ၅၅၀ ရှိသဖြင့် စိုက်ပျိုးသီးနှံများစွာ ထုတ်လုပ်ရောင်းချနိုင်တော့မည်ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစတင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ စီမံကိန်းဆောင်ရွက်ရာတွင် မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဘူမိဗေဒစမ်းသပ်ခြင်းနှင့် ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း၊ စခန်းအဝင်၊ အထွက် လမ်းဖောက်လုပ်ခြင်း၊ စခန်းအဆောက်အအုံဆောက်လုပ်ခြင်း၊ မြေနေရာရှင်းလင်းခြင်း၊ တမံအောက်ခြေရှင်းလင်းခြင်း၊ သပ်ကျင်းတူးဖော်ခြင်း၊ တမံမြေဖို့ခြင်းလုပ်ငန်းများကို အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်တို့က တစ်လှည့်စီ ရှင်းလင်းပြောကြားခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်လာ**

စီမံကိန်းကို တာဝန်ယူဆောင်ရွက်သော ညွှန်ကြားရေးမှူး ဦးညွန့်ဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် သီကီရ်ရွာ ပြည်သူများအတွက် ရေဖူလုံစွာရရှိခြင်း၊ စိုက်ပျိုးသီးနှံများထုတ်လုပ်နိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိခြင်းများအတွက် ကျေးရွာသူ ကျေးရွာသားများက ဝမ်းမြောက်ပီတိဖြစ်နေကြသည်ကို ကြည်နူးဖွယ် တွေ့မြင်ခဲ့ရပါသည်။ သီကီရ်ရွာတွင် အထက်တန်းကျောင်း ဆောက်လုပ်လျက်ရှိခြင်းအပြင် ခုတင်(၁၀၀)ဆံ့ ဆေးရုံကိုလည်း တည်ဆောက်လျက်ရှိသဖြင့် သီကီရ်ရွာနှင့် ပတ်ဝန်းကျင်ရွာများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ တောင်ပေါ်ကျေးရွာများမှာ ဝေးကွာလျက်ရှိသည့်အပြင် လူဦးရေ တိုးပွားလာသဖြင့် ရေလိုအပ်ချက် အမှန်ရှိနေမည်ဖြစ်ပါသည်။ သီကီရ်ရေလှောင်တမံစီမံကိန်းမျိုးကဲ့သို့ ချောင်းပိတ်၊ ဆည်ပိတ်၊ မြောင်းပိတ် ဆက်လက်ဆောင်ရွက်သွားပါက ဒေသခံပြည်သူတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ရေလိုအပ်ချက်များလည်း ပြည့်မီဖူလုံလာမည်ဖြစ်ပါသည်။ လူသားများ အသက်ရှင်နေထိုင်ရန် ရေဖူလုံစွာရရှိခြင်း၊ လျှပ်စစ်မီးရရှိခြင်း အကျိုးတရားများကြောင့် အနာဂတ်နိုင်ငံတော်တွင် အားထားရမည့် လူချွန်လူကောင်းများ ပေါ်ထွက်လာကာ ဒေသကို ပြန်လည်အကျိုးပြုမည့် နိုင်ငံ့သားကောင်းရတနာများလည်း ပေါ်ထွက်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သီကီရ်ရေလှောင်တမံတည်ဆောက်ပေးမှုကြောင့် ရရှိလာမည့် အကျိုးတရားများအား ရည်မျှော်ဝမ်းမြောက်စွာ ပီတိဖြစ်ရင်း မကြာမီဖွင့်လှစ်တော့မည့် သီကီရ်ရေလှောင်တမံဖွင့်ပွဲအကြိုအား ဂုဏ်ပြုရေးသားတင်ပြလိုက်ရပေသည်။ ။

# နန္ဒင်းတက်ဈေးကွက်ပျက်ခြင်းကြောင့် နန္ဒင်းစိုက်တောင်သူများ အရှုံးနှင့်ကြုံနေရ



**ပန်းတနော် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမတိုက်နယ် ကျေးရွာများမှ နန္ဒင်းစိုက်တောင်သူများသည် နန္ဒင်းတက်တူးဖော်ချိန်ရောက်ရှိသော်လည်း ဈေးအဆမတန်ကျခြင်း၊ ဈေးကွက်ပျက်ခြင်း၊ ဝယ်ယူသူများမရှိခြင်းကြောင့် အရှုံးနှင့်ကြုံနေရကြောင်း သိရသည်။

နန္ဒင်းတက်ဈေးကွက်သည် ၂၀၁၇-၂၀၁၈ ခုနှစ်များတွင် အခင်းပြတ် ဈေးကောင်းပေးဝယ်သူများ၊ တစ်တင်းလျှင် ငွေကျပ် ၆၀၀၀ ဈေးပေးဝယ်သူများရှိခဲ့ပြီး နန္ဒင်းတက် ဈေးကွက်ကောင်းခဲ့ခြင်းကြောင့် နန္ဒင်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိခဲ့သည်။

“ဒီနှစ်မှာတော့ နန္ဒင်းတက်ပေါ်ချိန်ရောက်နေပေမယ့် အလုပ်သမားနေ့စားခနဲ့ နန္ဒင်းတက်ရောင်းပြီးရရှိမယ့်ဈေး မကိုက်ညီတဲ့အတွက် နန္ဒင်းခင်းများကို ဒီအတိုင်းပစ်ထားရပါတယ်။ အရင်နှစ်တွေထက် ဈေးအဆမတန်ကျဆင်းပြီး ဒီနှစ်မှာ နန္ဒင်းတက်တစ်တင်းကို ငွေကျပ် ၂၈၀၀ ပေါက်ဈေးပဲရှိပြီး ဝယ်သူတောင်မရှိဘူး”ဟု ဒေသခံနန္ဒင်းစိုက်တောင်သူများထံမှ သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

## (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့အကြိုပြပွဲ၊ပြိုင်ပွဲကျင်းပ

**ကျိုက်ဒုံ**
ကရင်ပြည်နယ် ကျိုက်ဒုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဖိုးချိမုကျေးရွာ အမက ကျောင်း၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူး ဒေါ်နန္ဒာလှိုင်က (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် စာဖတ်ခြင်းမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးအကြောင်းအရာများကို ဟောပြောပြီး အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သန်းထွန်းနိုင်(ပြန်/ဆက်)**

**တနသ်ာရီ**
(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို တနသ်ာရီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇန်နဝါရီ ၁၆ ရက်တွင် အခြေခံပညာ (မူလွန်)ကျောင်းနှစ်ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သကျက်ကျေးရွာအုပ်စု ခြောက်မိုင်ကျေးရွာ အခြေခံပညာ(မူလွန်)ကျောင်းတွင် နံနက် ၁၀ နာရီကလည်းကောင်း၊ ညောင်ပင်ကွင်းကျေးရွာအုပ်စု ညောင်ပင်ကွင်းအနောက်ရွာ အခြေခံပညာ(မူလွန်)ကျောင်းတွင် မွန်းလွဲ ၁ နာရီခွဲကလည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်/ဆက်)**

**ပေါက်ခေါင်း**
ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက အထက (ပေါက်ခေါင်း)၌ ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် ကလေးငယ်များ စာဖတ်စွမ်းရည်တိုးတက်စေရန်အတွက် ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာကျော်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်းနှင့် နယ်လှည့်စာကြည့်တိုက်များ လာရောက်ရခြင်း၏ ရည်ရွယ်ချက်များကို ဝန်ထမ်းများက ကလေးများအား အသိပညာပေးဟောပြောခြင်း၊ ရုပ်ပုံစာအုပ်၊ ဘုတ်ပြားပြဇာတ်တို့ဖြင့် ပုံပြောပြခြင်း၊ အားကစားလှုပ်ရှားမှုများဆောင်ရွက်ပေးခြင်း၊ စာအုပ်စာစောင်များ ဖတ်ရှုစေခြင်းနှင့် စာငှားပုံးဖြင့် စာအုပ်များငှားရမ်းပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။

ထိုနည်းတူ အထက (အိုးဘိုကုန်း) နှင့် အမက(ရပ်သစ်)ကျောင်းများသို့လည်း ရွေ့လျားစာကြည့်တိုက်နှင့် စာအုပ်များငှားရမ်းပေးခြင်း၊ ပုံပြင်ပြောပြခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဥမ္မာကျော်(ပေါက်ခေါင်း)**

**ညောင်ရွှေ**
(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းလုပ်ငန်းများကို ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက မင်းချောင်းအခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ ပြည်ထောင်စုနေ့အကြောင်းသိကောင်းစရာ၊ ပြည်ထောင်နေ့ဦးတည်ချက်များနှင့် ဆောင်ပုဒ်များကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ(ညောင်ရွှေ)**



**၂၀၁၇ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ အောင်မြင်တော်မူကြသော သံဃာ တော် အရှင်မြတ် ၁၂၇ ပါးတို့အား အောင်ပွဲအထူးမွေ့သဘင်ကို ဇန်နဝါရီ ၁၆ ရက်က ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ဆံတော်ရှင်မြသိန်းတန်စေတီတော်ကြီး၏ ရင်ပြင်တော်တွင် ကျင်းပစဉ်။**
မီးမီး(လှိုင်)

## တပ်ကုန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**တပ်ကုန်း ဇန်နဝါရီ ၁၇**
နေပြည်တော် တပ်ကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဌာနမှူး ဦးအောင်ဇော်ဇော်မျိုးက လျှပ်စစ်မီးနှင့် ချိတ်ဆက်အသုံးပြုရသည့် ဝါယာကြိုး၊ မီးပလပ်ခုံနှင့် ထမင်းဟင်းအိုး၊ အဝတ်မီးပူတိုက်ခြင်း၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ မီးအားမြှင့်စက် အသုံးပြုခြင်းနှင့် လျှပ်စစ်အန္တရာယ်ဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီးနောက် ကျောင်းသား ကျောင်းသူ ၃၅၀ အား လျှပ်စစ်သရုပ်ပြကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**



## ပျူခေတ် ရှေးဟောင်းရွှေဆင်းတုတော် အပ်နှံခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၇**
ပျူခေတ် ရှေးဟောင်းရွှေဆင်းတုတော်အပ်နှံခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေပေးအပ်ပွဲကို ချမ်းမြသာစည်မြို့နယ် ပယ်ပုမ်တော်ကျောက်စာဝင်းအတွင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) တွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်းက ပျူခေတ် ရှေးဟောင်းရွှေဆင်းတုတော်တစ်ဆူ အပ်နှံခြင်းအတွက် ဆုကြေးငွေကျပ် ၉၁၉၇၉၇၂ နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ပျူခေတ် ရှေးဟောင်းရွှေဆင်းတုတော်တစ်ဆူ အပ်နှံသူ ဦးကျော်သန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဉာဏ်တော်အမြင့် ၈ ဒသမ ၁ စင်တီမီတာခန့်၊ အလေးချိန် ၆၉ ဂရမ်၊ အရည်အသွေးမှာ ၂၃ ကာရက်ရွှေဖြစ်သော ပျူခေတ် ရှေးဟောင်းရွှေဆင်းတော်တစ်ဆူကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု မြင်းကလေးကျေးရွာနေ ဦးကျော်သန်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်သို့ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က လာရောက်အပ်နှံခဲ့ရာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေပေးအပ်ပွဲ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## အထူးစီးပွားရေးဇုန်ကြီးများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာအလုပ်ရုံဆွေးနွေး




**ရန်ကုန် ဇန်နဝါရီ ၁၇**
မြန်မာနိုင်ငံ၌ဖော်ဆောင်နေသော အထူးစီးပွားရေးဇုန်ကြီးများ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

မြန်မာနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် အထူးစီးပွားရေးဇုန်ကြီးများမှ ကိုယ်စားလှယ်များ၊ London School of Economic မှ ပညာရှင်များ၊ ကိုလံဘီယာတက္ကသိုလ်မှ အထူးစီးပွားရေးဇုန်အကြောင်း ကျွမ်းကျင်သော ပညာရှင်များ၊ လက်ရှိတွင် အထူးစီးပွားရေးဇုန်ကြီးများ၌ စီမံခန့်ခွဲမှုအား လက်တွေ့လုပ်ဆောင်နေသော အတွေ့အကြုံရှိပုဂ္ဂိုလ်များ ပါဝင်ကာ ဆွေးနွေးကြသည်။

**အချိန်မဆိုင်းဘဲဆောင်ရွက်**

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထိန်လင်းက "ဒီနေ့ရဲ့ အလုပ်ရုံဆွေးနွေးပွဲက အထူးစီးပွားရေးဇုန်ကြီးတွေနဲ့ပတ်သက်တဲ့ အသိပညာတွေ၊ အကြောင်းအရာတွေကို လူတွေပိုပြီးသိရှိနားလည်ဖို့နဲ့ အပြည်ပြည်ဆိုင်ရာက အထူးစီးပွားရေးဇုန်ကြီးတွေကို လက်တွေ့ဖော်ဆောင်နေတဲ့ အတွေ့အကြုံရှိပညာရှင်တွေပါဝင်ပြီး အထူးစီးပွားရေးဇုန်ကြီးတွေအကြောင်း ပိုမိုသိရှိနားလည်စေဖို့ လက်တွေ့အကောင်အထည်ဖော်ရင် စိန်ခေါ်မှုတွေနဲ့ အခွင့်အလမ်းတွေကို သိရှိနိုင်စေဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ကြီးရဲ့ One Stop Service မှာ ကုန်သွယ်ရေးကဏ္ဍကနေ ပူးပေါင်းပြီး ဖော်ဆောင်ပေးနေပါတယ်။ ကျွန်တော်တို့ စီးပွား/ကူးသန်းအနေနဲ့ အထူးစီးပွားရေးဇုန်ကြီးတွေရဲ့ ကုန်သွယ်ရေးကဏ္ဍတွေမှာ လျင်လျင်မြန်မြန်နဲ့ အချိန်မဆိုင်းဘဲ ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် မြန်မာပြည်နယ်စပ်မူဆယ်ဘက်မှာဆိုရင်လည်း နယ်စပ်ဖြတ်ကျော်စီးပွားရေးဇုန်တွေ ဖော်ဆောင်သွားဖို့ ရှိနေပါတယ်" ဟု ပြောသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ ဖော်ဆောင်နေသော သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်ကြီးများ၏ ခြေလှမ်းသစ်များ တိုးချဲ့စတင်နေမှုအပိုင်းများကို ကဏ္ဍအလိုက် ဆွေးနွေးခြင်း၊ အထူးစီးပွားရေးဇုန်ကြီးများအား ထူထောင်ဖော်ထုတ်သူများ၏ အထူးစီးပွားရေးဇုန်ကြီးများ ဖော်ဆောင်မှုတွင် စိန်ခေါ်နေသည့်အပိုင်းများအား ဆွေးနွေးခြင်း၊ အထူးစီးပွားရေးဇုန်ကြီးများ အောင်မြင်လျှင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် အထောက်အကူပြုမှုအခြေအနေများကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

**အောင်မြင်နေသော စီးပွားရေးဇုန်**

လက်ရှိတွင် ထားဝယ်အထူးစီးပွားရေးဇုန်သည် နှစ်လမ်းသွားကားလမ်းမကြီးဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်သည်လည်း လုပ်ငန်းများ အဆင့်လိုက်ဖော်ဆောင်ရန် မူဘောင်သဘောတူညီချက်များ ရေးထိုးပြီးဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် ၂၀၁၆ ခုနှစ်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ခဲ့ပြီး ဇုန် A၊B နှစ်ပိုင်းခွဲကာ လုပ်ဆောင်နေပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံထားပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်အထိ ရှိနေပြီး လုပ်ငန်းပေါင်း ၁၀၃ ခုကျော်ရှိကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းအမျိုးအစားပေါင်း တစ်သောင်းကျော်အထိ ဖော်ဆောင်နိုင်နေပြီဖြစ်ကြောင်း၊ သီလဝါသည် အောင်မြင်နေသော အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများက သုံးသပ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် International Growth Center (IGC) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ယခုအခါတွင် ကမ္ဘာတစ်ဝန်း၌ အထူးစီးပွားရေးဇုန်ပေါင်း ၄၈၀၀ ကျော်ခန့်ရှိနေပြီး အာဆီယံအနေဖြင့်ရှိနေသလို မြန်မာနိုင်ငံ၏ အိမ်နီးချင်း လာအိုနိုင်ငံတွင်လည်း အထူးစီးပွားရေးဇုန် အခု ၂၀ ကျော်ခန့် ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်စသည့် အထူးစီးပွားရေးဇုန်ကြီးများ ရှိနေပြီဖြစ်ကြောင်း ထိုနေ့အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။ **မြင့်မောင်စိုး**

## မကွေးမြို့အမှတ်(၃) အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**မကွေး ဇန်နဝါရီ ၁၇**
မကွေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကျောင်းစာကြည့်တိုက်အား မကွေးတိုင်းဒေသကြီးပညာရေးမှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှငွေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းစာကြည့်တိုက်အား ကြည့်ရှုကြသည်။

ယင်းနောက် ပညာရေးစုံညီပွဲတော်အား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးပညာရေးမှူး ဦးအောင်မြင့်က နိုင်ငံတော်က ကျောင်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးနေမှုများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုနှင့်အတူ ဗလငါးတန်ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများဖြစ်စေကာ ရလဒ်ကောင်းပညာရေးစနစ်ကို ဖော်ဆောင်လျက်ရှိကြောင်း ပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်အတူ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသား၊ မိဘနှင့် ဆရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်များ၌ ဆုရခဲ့သော ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့် အားကစားထူးချွန်ဆုရရှိသူများ၊ လူရည်ချွန် ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးပညာရေးမှူးနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကာ ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မန္တလေးမြို့တွင် ပထမဆုံးနှင့် အထူးခြားဆုံး ထိုင်းကုန်စည်ပြပွဲကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်မှုမြှင့်တင်စေရန်နှင့် နိုင်ငံတော်မှချမှတ်ထားသောဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရေးကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကျင်းပသည့် မန္တလေးမြို့၏ ပထမဆုံးနှင့် အထူးခြားဆုံး ထိုင်းကုန်စည်ပြပွဲ (AMAZING THAILAND EXPO) ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပသည်။

ပြပွဲတွင် အထူးအစီအစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံရှိ နာမည်ကျော်စားသောက်ဆိုင်များမှ တိုက်ရိုက်လာရောက်ရောင်းချမည့် Bangkok Smart Night Marke အပါအဝင် ပြခန်းများစွာ ပြသရောင်းချပေးလျက်ရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုင်းကုန်စည်ပြပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်ထိ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြသရောင်းချပေးကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မူဆယ်မြို့၌ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးပေး

**မူဆယ် ဇန်နဝါရီ ၁၇**

"အလင်းပြစီမံကိန်း" မျက်စိဝေဒနာရှင်များအား (အခမဲ့) ကုသပေးရန်အတွက် ဇန်နဝါရီ ၁၅ ရက်က မူဆယ်မြို့ရွှေနန်းတော်ဝင်းအတွင်းရှိ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းရုံးတွင် စမ်းသပ်စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံနယ်စပ်ယဉ်ကျေးမှုဖလှယ်ရေးအသင်းအတွင်းရေးမှူး မစ္စတာ လွီဟိုရင် ပါဝင်သောအဖွဲ့သည် ရွှေလီမြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာရန်ဟုန်၊ ဒေါက်တာဝမ့်ချစ်နှင့် ကျွမ်းကျင်ဆရာဝန်များ၊ သူနာပြုဆရာ ဆရာမများနှင့်အတူ နံနက် ၉ နာရီမှညနေ ၄ နာရီအထိမူဆယ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင် ၁၇၉ ဦးအား အခမဲ့စမ်းသပ်စစ်ဆေးပေးခဲ့သည်။

မျက်စိဝေဒနာရှင်များအား မူဆယ်ခရိုင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း နာယက ဒေါ်စစ်စိန်၊ ဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် ချစ်ကြည်ရေးအသင်းဝင်များ၊ မူဆယ်မြို့ အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နန်းခင်စန်းရီနှင့်အဖွဲ့ဝင်များ၊ ၁၀၅ မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

မျက်စိခွဲစိတ်ရန်လိုအပ်သူများကို ရွှေလီမြို့ ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ပေးပြီး သွားလာနေထိုင်စားသောက်ရေးအတွက် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းက အခမဲ့ကုသိုလ်ဖြစ် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေမွန်(ရွှေရေမြေ)**

# မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးယာဉ် ကိုင်တွယ်နည်းသင်တန်းဖွင့်

**ရွှေဘို ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်မီးသတ်စခန်းတွင် ဇန်နဝါရီ ၁၅ ရက်က မီးသတ်တပ်ဖွဲ့ဝင်များအား ပိုလန်နိုင်ငံမှ Heavy Rescue & Lifting (44) Ton ရှာဖွေကယ်ဆယ်ရေးယာဉ် ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်သည်။

ရှာဖွေကယ်ဆယ်ရေးယာဉ်မှာ ငလျင်ဘေးအန္တရာယ်အပါအဝင် သဘာဝဘေးအန္တရာယ်များအတွက် ရှာဖွေကယ်ဆယ်နိုင်သော ကယ်ဆယ်ရေးယာဉ်ဖြစ်ပြီး ရွှေဘိုခရိုင်သည် ငလျင်ကြောအတွင်းတည်ရှိသဖြင့် ငလျင်ဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအထောက်အကူပြုနိုင်ကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးယာဉ် ကိုင်တွယ်ထိန်းသိမ်းနည်း သင်တန်းကို ဒု-မီးသတ်ဦးစီးမှူး ဦးဝေမင်းထွန်းက ရွှေဘိုခရိုင်နှင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များအား သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



## တိုတိုထွာထွာဖတ်စရာ

### အင်းတော်တွင် နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး

**အင်းတော်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် အင်းတော်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းအခမ်းအနား ကျင်းပသည်။

အင်းတော်မြို့နယ် ကျေးရွာ ၁၀ အုပ်စုမှ နိုင်ငံသားကတ်ပြား ၁၆၇၀ ခု ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**နေပြည်တော်**

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုသေးစစ်ဌာနစု ဌာနစုမှူး ဒုရဲအုပ်ဌေးလွင်(ခ)နေမျိုးသူရနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ပျဉ်းမနားမြို့ ယောက်သွားအင်း (အမက)တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ အမေး၊ အဖြေများ ဆောင်ရွက်ခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ 'ပညာလွင်' ကိုယ်ပိုင်အထက်တန်းကျောင်းတွင်လည်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ(မန်းတက္ကသိုလ်)**

**ပေါင်**

မွန်ပြည်နယ် ဇင်းကျိုက်အထကကျောင်း ရတနာမွန်ခန်းမ၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

စက်ဘီး၊ ဆိုင်ကယ်စီးနင်းသူများအား လမ်းစည်းကမ်းများ လိုက်နာကြစေရန် ဇင်းကျိုက်ရဲကင်းစခန်းမှူး ရဲအုပ်ရဲလင်းနောင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

### ဆွာချောင်းတံတားပြုပြင်ခြင်းလုပ်ငန်း မတ်လအတွင်း အပြီးဆောင်ရွက်မည်

**ရေတာရှည်**

ရန်ကုန်-နေပြည်တော်အမြန်လမ်းပိုင်း မိုင်တိုင် ၁၆၅/၁ နှင့် ၁၆၅/၃ အကြားအရှည်ပေ ၈၁၀ ရှိ ဆွာချောင်းတံတား ဖြတ်တံတား အဆန်လမ်းပိုင်းတွင် ရေလယ်တိုင်အချို့နိမ့်ကျနေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူကာ နေ့ညဆောင်ရွက်လျက်ရှိရာ ရေလယ်တိုင်သုံးတိုင်အနက် နှစ်တိုင်ပြီးစီးသွားပြီဖြစ်ပြီး သုံးလုံးမြောက်တိုင်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ဆွာချောင်းတံတားရှင်းလင်းဆောင်တွင် အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) ဦးမင်းသူက ပြောကြားသည်။

"တိုင်အမှတ် ၇၊ တိုင်အမှတ် ၆၊ တိုင်အမှတ် ၅ တို့ကို သုည ဒသမ ၈ မီလီမီတာ မိနီဘိုးပိုင်လုပ်ငန်းတွေ ဆောင်ရွက်ရတဲ့အခါမှာ တိုင်နှစ်လုံးပြီးသွားပြီ။ တစ်လုံးကို လုပ်ငန်းစတင်ဆောင်ရွက်နေပြီ။ ကျွန်တော်တို့အနေနဲ့ မတ်လကို နောက်ဆုံးထားပြီး ဆောင်ရွက်မှာပါ" ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## အနုပညာသတင်း

# ဇာတ်လမ်းတွဲအပိုင်းသစ်တွေ ထပ်တိုးမယ့် "The Last Empress"

လတ်တလောမှာ ထုတ်လွှင့်ပြသလျက်ရှိပြီး ကြည့်ရှုသူအများဆုံး တောင်ကိုရီးယားဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "The Last Empress" ဟာ ပရိသတ်တွေရဲ့ တောင်းဆိုမှုအရ နောက်ထပ်ဇာတ်လမ်းတွဲသစ်တွေ ထပ်တိုးထုတ်လွှင့်သွားမှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ရာ ယင်းရုပ်ရှင်အသိုင်းအဝိုင်းက ဒီသတင်းတွေ မှန်ကန်နေကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။




ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၇ ရက်မှာတော့ SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ "The Last Empress"ဟာ နောက်ထပ် အပိုင်းလေးပိုင်း ထပ်တိုးထုတ်လွှင့်သွားမှာဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့တဲ့အပေါ် အဆိုပါရုပ်ရှင်အသိုင်းအဝိုင်းက အပိုင်းတွေ ထပ်တိုးသွားမှာဖြစ်ကြောင်း၊ လတ်တလောမှာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်းနဲ့ လက်ရှိမှာတော့ ဘာကိုမှ အတည်ပြုပြောကြားနိုင်ခြင်းမရှိသေးကြောင်း ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ အဆိုပါရုပ်သံဇာတ်လမ်းတွဲမှာ ယခင်က အပိုင်း ၄၈ ပိုင်း ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားတာကြောင့် နောက်ထပ်လေးပိုင်းတိုးကာ ၅၂ ပိုင်း ပါဝင်မှာဖြစ်ကြောင်း သတင်းတွေထွက်နေတာ ဖြစ်ပါတယ်။

"The Last Empress"ကို ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် မကြာမီမှာပင် ဗုဒ္ဓဟူး-ကြာသပတေးနေ့တိုင်း ထုတ်လွှင့်နေတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံးဇာတ်လမ်းတွဲအဖြစ် ရပ်တည်နေပါတယ်။ ထုတ်လွှင့်စဉ်မှာတော့ မှတ်တိုင်သစ်တွေ စိုက်ထူနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ကောလာဟလတွေမမှန်ကြောင်း မိုင်လီဆိုင်းရပ်စ် တုံ့ပြန်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် မိုင်လီဆိုင်းရပ်စ်ဟာ ရင်သွေးလေးလွယ်ထားရကြောင်း ဟောလိဝုဒ်မီဒီယာအချို့က ဖော်ပြခဲ့တဲ့အပေါ် ပေ့ါပ်ကြယ်ပွင့်က ကောလာဟလတွေသာ ဖြစ်ကြောင်းနဲ့ ရင်သွေးလေးလွယ်ထားရခြင်းမရှိသေးကြောင်း ပြန်လည်တုံ့ပြန်ခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်မှာ ရင်သွေးလေးမရှိသေးကြောင်း ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ မိုင်လီဆိုင်းရပ်စ်ဟာ နှစ်အတော်ကြာချစ်သူတွေအဖြစ် လက်တွဲလာခဲ့တဲ့ မင်းသား လီယမ်ဟမ်းစ်ဝ့ါသ်နဲ့ မကြာသေးမီကမှ လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို ဇနီးမောင်နှံအဖြစ် ရောက်ခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ မကြာသေးမီက မိုင်ယာမီမှာ အတူတွေ့ခဲ့ရပါတယ်။ ဒီတစ်ကြိမ်မှာတော့ အချို့သောပရိသတ်တွေက မိုင်လီဆိုင်းရပ်စ်ကို ရင်သွေးလေးရရှိနေပြီဖြစ်ကြောင်း ဝေဖန်ခဲ့ကြရာ မီဒီယာတွေကလည်း ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီသတင်းတွေအပေါ် မိုင်လီဆိုင်းရပ်စ်က မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ခဲ့တာ ဖြစ်ပါတယ်။

မိုင်လီဆိုင်းရပ်စ်ရဲ့ ခင်ပွန်းဖြစ်သူ လီယမ်ဟမ်းစ်ဝ့ါသ်ကတော့ သူတို့နှစ်ဦးရဲ့ မိသားစုဘဝ တည်ထောင်ဖို့ရာနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခဲ့တာ မတွေ့ရကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# သွေး၊ မျက်စိနှင့်ကိုယ်အင်္ဂါလှူဒါန်းခြင်းများနှင့်ဥပဒေ



ခဲမောင်စာဂ

ဗုဒ္ဓဘာသာဝင်တို့သည် အလှူဒါနပြုကြရာတွင် ရက်ရက်ရောရောရှိကြသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးအလှူ၊ သားရှင်ပြု၊ သမီးနားသအလှူ၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်သူကို လှူသည့်ကာလဒါနအလှူ စသည်တို့အပြင် ဘုရား၊ပုထိုး၊ စေတီ၊ သိမ်၊တန်ဆောင်း၊ ပြာသာဒ်၊ လမ်း၊ တံတား၊ ရေတွင်း ရေကန်၊ ဆေးရုံ၊ ဆေးခန်းမကျန်ရအောင်လှူသည်။ တရားအလှူလှူသည်။ စာအုပ်စာတမ်း၊ စာပေများလှူသည်။ နေ့စဉ် ဘုရားတွင် ဆီမီး၊ ရေချမ်း၊ ဆွမ်း၊ ပန်းများကပ်လှူသည်။ အခါကြီး ရက်ကြီးများတွင် လှူကြတန်းကြသည်။ အလှူဒါနအမျိုးမျိုး ပြော၍မကုန်နိုင်အောင်ပါပင်။

အလှူဒါနအမျိုးမျိုးတို့တွင် မိမိကိုယ်ခန္ဓာ၏သွေးကိုထုတ်၍လှူခြင်း၊ မျက်လုံးကိုလှူခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေလှူခြင်းစသည့်အလှူမျိုးသည် လွယ်လွယ်ကူကူနှင့် လှူဒါန်းနိုင်သည့် အလှူမျိုးမဟုတ်။ ဥစ္စာပစ္စည်းများ ပေးကမ်းလှူဒါန်းရခြင်းနှင့်မတူ။ ထို့ကြောင့် ဤအလှူမျိုးပြုကြခြင်းနှင့်စပ်လျဉ်း၍ ဥပဒေများပြဋ္ဌာန်းပေးရသည်။

## သွေးကိုလှူဒါန်းခြင်း

သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ သွေးဆိုသည်မှာ လူ၏ခန္ဓာကိုယ်တွင် သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိသော သွေးနီဉ၊ သွေးဖြူဉ၊ သွေးဥမွှား၊ သွေးရည်ကြည်နှင့် သွေးရည်ကြည်တွင် ပါဝင်သည့် ဓာတ်ပစ္စည်းများကို ဆိုလိုကြောင်းနှင့် သွေးပစ္စည်းဆိုသည်မှာ သွေးမှ တစ်နည်းနည်းဖြင့် ခွဲထုတ်ရယူသော သွေးနီဉ၊ သွေးဖြူဉ၊ သွေးဥမွှား၊ သွေးရည်ကြည် သို့မဟုတ် သွေးရည်ကြည်တွင် ပါဝင်သော ဓာတ်ပစ္စည်းကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားသည်။ **[ ဥပဒေပုဒ်မ ၂ (က) နှင့် (ခ) ]**

ဥပဒေ၏ရည်ရွယ်ချက်များတွင် အရည်အသွေးမီ သွေးကောင်း၊ သွေးသန့်များကိုအသုံးပြုပြီး သွေးသွင်းကုသခြင်းဖြင့် လူနာ၏အသက်ကို ကယ်တင်စောင့်ရှောက်နိုင်ရန်နှင့် စေတနာသွေးလှူရှင်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ဟူသော အချက်နှစ်ချက်ပါရှိသည်။ **[ ဥပဒေပုဒ်မ ၃]**

## သွေးနှင့်ဆိုင်သည့်ဌာနများ တည်ထောင်ဖွင့်လှစ်ထားရှိခြင်း

ဥပဒေ၏ ရည်ရွယ်ချက်လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာ ကော်မတီ၊ အမျိုးသားသွေးဌာန၊ သွေးဘဏ်ဌာနနှင့် သွေးဘဏ်ငယ်ဌာနတို့ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ထားသည်။ **[ဥပဒေပုဒ်မ ၄၊ ၇၊ ၈]**

အမျိုးသားသွေးနှင့် သွေးပစ္စည်းဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန် ၁၆ ရပ်ရှိသည်။ ၎င်းအချက်များထဲတွင် စေတနာသွေးလှူရှင်များ တိုးပွားလာစေရေးအတွက် လှုံ့ဆော်ပညာပေးရေး လုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ သွေးလှူဒါန်းသည့်အကြိမ်အပါအဝင် အခြားသတ်မှတ်ချက်များနှင့်ညီညွတ်သော စေတနာ သွေးလှူရှင်များအား နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ထောက်ခံပေးပို့ခြင်း လုပ်ငန်းများပါဝင်သည်။ **[ဥပဒေပုဒ်မ ၅]**

အမျိုးသားသွေးဌာန၏ လုပ်ငန်းတာဝန် ၁၁ ရပ်ရှိသည်။ ယင်းတို့တွင် စေတနာသွေးအလှူရှင်၏ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သွေးလှူဒါန်းစဉ် အလှူရှင်၏အင်အား ပြန်လည်ပြည့်ဝစေရန် လိုအပ်သည့်အစီအစဉ်များ ဆောင်ရွက်ခြင်း၊ သွေးလှူရှင်အား သွေးလှူရှင် တံဆိပ်နှင့် ဂုဏ်ပြုလွှာများချီးမြှင့်ခြင်း၊ သွေးလှူဒါန်းသည့် အကြိမ်အပါအဝင် အခြားသတ်မှတ်ချက်များနှင့် ညီညွတ်သော သွေးလှူရှင်များအား နိုင်ငံတော်က ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ကော်မတီသို့ တင်ပြခြင်းဟူသော လုပ်ငန်း လေးရပ်ပါဝင်သည်။ **[ ဥပဒေပုဒ်မ ၇]**

သွေးဘဏ်နှင့် သွေးဘဏ်ငယ်တို့၏ လုပ်ငန်းတာဝန်များ ခုနစ်ရပ်ရှိသည်။ ၎င်းအချက်များထဲတွင် အမျိုးသားသွေးဌာန၏လုပ်ငန်းများဖြစ်သော အထက်တွင်ဖော်ပြခဲ့သည့် လုပ်ငန်းလေးရပ်ကိုလည်း ထည့်သွင်းသတ်မှတ်ပေးထားသည်။ **[ ဥပဒေပုဒ်မ ၈]**

## သွေးနှင့်ဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များ

သွေး သို့မဟုတ် သွေးပစ္စည်းကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ပုဂ္ဂလိက သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ်ခြင်း၊ သဘောမတူသူတစ်ဦးထံမှ သွေးကိုထုတ်ယူခြင်း၊ သွေးကို စီးပွားရေးအလို့ငှာရောင်းချခြင်း၊ ဝယ်ယူခြင်းတို့ကို ပြစ်မှုများအဖြစ် သတ်မှတ်ထားသည်။ ဖောက်ဖျက်ကျူးလွန်ပါက ကျူးလွန်သည့် ပြစ်မှုအလိုက် ထောင်ဒဏ်သုံးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်သည်။ **[ ဥပဒေပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၃]**

## မျက်စိကိုလှူဒါန်းခြင်း

မျက်စိလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ မည်သို့လိုက်နာဆောင်ရွက်ကြရန် မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြဋ္ဌာန်းခဲ့သည်။ ပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မျက်စိအစိတ်အပိုင်းကိုလဲလှယ်ခြင်းဖြင့် မျက်စိပြန်မြင်နိုင်သည့် မျက်စိရောဂါရှိသူများကို ကျယ်ကျယ်ပြန့်ပြန့်ကုသပေးနိုင်ရန်၊ မျက်စိလှူဒါန်းသူ၏မျက်စိကို စနစ်တကျထုတ်ယူနိုင်ရန်၊ မျက်စိဘဏ်ရှိ မျက်စိများကို စနစ်တကျသိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းဖြင့် မျက်စိရောဂါကုသမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် မျက်စိဘဏ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်တို့ဖြစ်သည်။

## မျက်စိလှူဒါန်းနိုင်သူ

မျက်စိလှူဒါန်းသူဆိုသည်မှာ သေဆုံးသည့်အခါ မိမိ၏မျက်စိကို ထုတ်ယူခွင့်ပြုကြောင်း ကြိုတင် ဆန္ဒပြုထားသူကိုဆိုသည်။ အသက် ၁၈ နှစ်ပြည့်ပြီးသူကဖြစ်စေ၊ ၁၈ နှစ်မပြည့်သေးသော်လည်း အုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိ သူကဖြစ်စေ မျက်စိကိုလှူဒါန်းနိုင်သည်။ **[ဥပဒေပုဒ်မ ၂(ဂ) နှင့် ပုဒ်မ ၉]**

## မျက်စိလှူဒါန်းနည်း

